မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်၊ ၂၀၁၂ ခုနှစ်၊ မတ် ၃၁ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၈၃)

ဗိုလ်တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေပြဋ္ဌာန်း

မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေ

(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။)
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်
(၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်)

နိဒါန်း

နိုင်ငံတော်ကာကွယ်ရေးအတွက် သက်စွန့်တာဝန်ထမ်းဆောင်ရန် တပ်မတော်သို့ဝင်ရောက်၍ စစ်မှုထမ်းဆောင်ခဲ့ကြပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **မသန်မစွမ်းဖြစ်သွားသူ** ဆိုသည်မှာ တန်းပြည့်စစ်မှုထမ်းချိန်တွင် စစ်မှုထမ်းဆောင်ခြင်းနှင့် အကျုံးဝင်သည့် အကြောင်းတစ်ခုခုကြောင့် ကိုယ်၊ စိတ်အင်္ဂါအစိတ်အပိုင်း၊ တစ်ခုခုချို့ယွင်းသွားသော သို့မဟုတ် စစ်မှုထမ်းဆောင်ခြင်းကြောင့် ပိုမိုဆိုးရွားလာသည်ဟု အကြောင်းပြ၍ ရသည့် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားတစ်ဦးဦးကို ဆိုသည်။

(ခ) **သေဆုံးသူ** ဆိုသည်မှာ တန်းပြည့်စစ်မှုထမ်းချိန်တွင် စစ်မှုထမ်းဆောင်ခြင်းနှင့် အကျုံးဝင်သည့် အကြောင်းတစ်ခုခုကြောင့် သေဆုံးသော တပ်မတော်သားတစ်ဦးဦးကို ဆိုသည်။

(ဂ) **ကျဆုံးသူ** ဆိုသည်မှာ တိုက်ပွဲကြောင့် ကျဆုံးသော တပ်မတော်သားတစ်ဦးဦးကို ဆိုသည်။

(ဃ) **တန်းပြည့်စစ်မှုထမ်းချိန်** ဆိုသည်မှာ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို လိုက်နာရသူတစ်ဦးနှင့် သက်ဆိုင်စေရာ၌ အောက်ပါအတိုင်း ထိုသူပါဝင်ဆောင်ရွက်နေသည့်အချိန်ကို ဆိုလိုသည် -

(၁) ရန်သူနှင့် ပြိုင်ဆိုင်တိုက်ပွဲဆင်နွှဲနေသော တပ်ဖွဲ့တစ်ဖွဲ့တွင် တွဲဖက်ထားသည့်အချိန် သို့တည်းမဟုတ် ပါဝင်သည့်အချိန် သို့တည်းမဟုတ်၊

(၂) ရန်သူက လုံးဝသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း သိမ်းပိုက်ထားသော တိုင်းပြည်တစ်ပြည်၌ဖြစ်စေ၊ နေရာတစ်ခု၌ဖြစ်စေ၊ တိုက်ပွဲဆင်နွှဲနေသည့်အချိန် သို့တည်းမဟုတ် ယင်းကဲ့သို့သော တိုင်းပြည်တစ်ပြည်သို့ဖြစ်စေ၊ နေရာတစ်ခုသို့ဖြစ်စေ၊ စစ်ချီတက်ရာ၌ ပါဝင်သည့်အချိန် သို့တည်းမဟုတ်၊

(၃) နိုင်ငံခြားနိုင်ငံတစ်ခုကို သိမ်းပိုက်ထားသော တပ်ဖွဲ့တစ်ဖွဲ့တွင် တွဲဖက်ထားသည့်အချိန် သို့တည်းမဟုတ် ပါဝင်သည့်အချိန်။

(င) **ထောက်ပံ့စောင့်ရှောက်မှု** ဆိုသည်မှာ မသန်မစွမ်းဖြစ်သွားသူကိုသော်လည်းကောင်း၊ သေဆုံးသူ သို့မဟုတ် ကျဆုံးသူ၏ မှတ်တမ်းဝင် အမွေခံ ဇနီး သို့မဟုတ် ခင်ပွန်း သို့မဟုတ် သားသမီးကိုသော်လည်းကောင်း နိုင်ငံတော်ကစီစဉ်ပေးသောနေရာရှိ မြေနှင့် နေထိုင်ရန် အိမ် သို့မဟုတ် တိုက်ခန်းကို ဆိုသည်။

(စ) **အခွင့်ရအာဏာပိုင်** ဆိုသည်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဤကိစ္စအလို့ငှာ တာဝန်ပေးအပ်ထားသည့် အရာရှိကြီးတစ်ဦးဦးကို ဆိုသည်။

(ဆ) **ကျေနပ်လောက်အောင်တာဝန်ထမ်းဆောင်မှု** ဆိုသည်မှာ တပ်မတော်အက်ဥပဒေကို လိုက်နာရသူတစ်ဦးသည် ၎င်း၏အကျင့်စာရိတ္တမှတ်တမ်းတွင် တစ်ဆက်တည်း စစ်မှုထမ်းသက် သုံးနှစ်အတွင်း စစ်တရားရုံး တစ်ခုခုဖြင့် ပြစ်ဒဏ်စီရင်ခံရခြင်းမရှိသည်အထိ တာဝန်ထမ်းဆောင်ခဲ့မှုကို ဆိုသည်။

အခန်း(၂)
မသန်မစွမ်းသူများအတွက် ထောက်ပံ့စောင့်ရှောက်မှု

၃။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးသည် မသန်မစွမ်းဖြစ်သွားသူအား ဆေးခုံအဖွဲ့ဖြင့် ဖွဲ့စည်းစစ်ဆေးပြီး မသန်မစွမ်းမှုရာခိုင်နှုန်းကို သတ်မှတ်ရမည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်ထောင်စုမူးယစ်ဆေးဝါးတရားမဝင်သယ်ဆောင်ရောင်းဝယ်မှု ထိန်းချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်ထောင်စုမူးယစ်ဆေးဝါးတရားမဝင်သယ်ဆောင်ရောင်းဝယ်မှု ထိန်းချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး H.E. Mr. Victor P. Ivanov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်ထောင်စုမူးယစ်ဆေးဝါး တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု ထိန်းချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး H.E. Mr. Victor P. Ivanov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန *စာမျက်နှာ ၄ ကော်လံ ၃* ✻

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မတ်လ ၃၁ ရက်)

သမစိတ်ဓာတ်အခြေခံထား

သမစိတ်ဓာတ်ဟူသည် ဖြောင့်မတ်သော၊ မှန်ကန်သော၊ ရိုးသားသော၊ မျှတသောစိတ်ဓာတ်ပင် ဖြစ်၏။ ထိုစိတ်ဓာတ်မျိုး လူတိုင်းထားရှိမွေးမြူသင့်၏။ ဓမ္မဓိဋ္ဌာန်ကျသော စိတ်ဓာတ်ဟုလည်း ခေါ်နိုင်သည်။ သမစိတ်ဓာတ်သည်သာလျှင် လုပ်ကိုင်မှုအားလုံးအတွက် ဖြောင့်မတ်မှန်ကန်သော လမ်းကြောင်းကို ဖော်ဆောင်ပေးနိုင်သည်။ လူတိုင်းလူတိုင်းတွင် အစွဲလေးတွေရှိတတ်ကြသည်။ အယူအဆစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲစသည်ဖြင့် ရှိကြ၏။ ထိုအစွဲတကာအစွဲတို့အနက် ငါစွဲ (ခေါ်) အတ္တစွဲသည် အဆိုးဆုံးဖြစ်၏။ အတ္တစွဲသည် သမစိတ်ဓာတ်ကို ပျက်စီးစေ၏။ ကိုယ့်ကိုယ်ကိုတော့ မျှမျှတတမှန်မှန်ကန်ကန် ဖြစ်သည်ဟု ထင်တတ်ကြသည်။ သို့သော် ငါစွဲဖြုတ်ပြီး ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားကြည့်သည့်အခါ "ဪ ဒီလိုဆိုတော့လည်း ဟုတ်သားပဲ" ဆိုတာမျိုးတွေ အများကြီးတွေ့ရတတ်သည်။

လူအများစုသည် ကိုယ်လုပ်တာမှ အဟုတ်ထင်တတ်ကြသည်။ ကိုယ်ပြောတာမှ မှန်ကန်သည်ဟု ထင်မြင်တတ်ကြသည်။ ဤသည်မှာ သမစိတ်ဓာတ်အားနည်းပြီး အတ္တစိတ်လွှမ်းကဲခြင်းကြောင့်ပင် ဖြစ်၏။ အလုပ်တစ်ခုကို အခြားလူတစ်ဦးက အချိန်ယူပြီးလုပ်နေလျှင် သိပ်နှေးကွေးသည်ဟု မြင်တတ်ကြ၏။ ထိုအလုပ်ကို မိမိလုပ်မှ သေချာတာလို့ ဆို၏။ အလုပ်တစ်ခုအခြားလူလုပ်၍ မအောင်မြင်လျှင် အမြင်မရှိလို့၊ မိမိဆိုလျှင် တစ်ခါကြိုးစား၍မရ နောက်တစ်ခါကြိုးစားမည်ဟု ဆိုတတ်ကြ၏။ ပြောကြ၊ ဆိုကြရာတွင်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်၏။ မိမိပြောဆိုမှ အောင်မြင်မည်၊ ကောင်းမည်စသည်ဖြင့် ရှုမြင်တတ်ကြ၏။

ဤသို့သမစိတ်ဓာတ်အခြေခံအားနည်းနေကြလျှင် ဝေဖန်ပြောဆိုမှု၊ တီးတိုးပြောဆိုမှု၊ ပြစ်တင်မှုစသည်ဖြင့် အတောမသတ်နိုင်အောင် ရှိချေတော့မည်။ အကောင်းမြင်ဝါဒ၊ အကောင်းမြင်သဘောတရားများဆိတ်သုဉ်းပြီး အမြဲတစေအဆိုးမြင်သဘောကိုသာ အားပေးနေသကဲ့သို့ ဖြစ်ချေမည်။ သူမကောင်း၍ ကိုယ်မကောင်း၊ သူမချစ်၍ ကိုယ်မချစ်၊ သူမကြည်၍ ကိုယ်မကြည်၊ သူမမှု၍ ကိုယ်လည်းမမှု၊ သူဂရုမစိုက်၍ ကိုယ်လည်းဂရုမစိုက် စသည်ဖြင့် စိတ်ဓာတ်ရေးရာ ပျက်ပြားခြင်းများသာ တိုးလာနိုင်၏။ ထို့ကြောင့် သမစိတ်ဓာတ်သည် အခြေခံအရေးကြီး၏။

မည်သည့်ကိစ္စ၌မဆို သမစိတ်ဓာတ်အခြေခံထား၍ ဆုံးဖြတ်ဆောင်ရွက်သင့်၏။ သမစိတ်ဓာတ်သည် စိတ်ကောင်းနှလုံးကောင်းမှ လာ၏။ စိတ်ထားဖြူစင်အောင် ဦးစွာထားရှိသင့်၏။ သို့မှသာ အကြောင်းအရာတစ်ခုအပေါ်တွင် တော်မတော်၊ သင့်မသင့်၊ ကောင်းမကောင်း၊ မှန်မမှန် စသည်ဖြင့် ချင့်ချိန်စဉ်းစားဆုံးဖြတ်နိုင်ပေမည်။ သမစိတ်ဓာတ်ထားရှိပြီး လုပ်ကိုင်ဆောင်ရွက်ကြသဖြင့် အချင်းချင်းအပြန်အလှန် လေးစားကြ၏။ ချစ်ခင်လေးစားမှု၊ ယုံကြည်မှု၊ အားကိုးမှုတို့ကိုလည်း တည်ဆောက်နိုင်၏။ သမစိတ်ဓာတ်သည် စည်းလုံးညီညွတ်ခြင်းကိုလည်း ဖြစ်စေ၏။ ထို့ကြောင့် သမစိတ်ဓာတ်သည် အောင်မြင်ရာ အောင်မြင်ကြောင်း၏ အခြေခံအကြောင်းတရားပင်ဖြစ်သည်။

သို့ဖြစ်၍ လူတိုင်းလူတိုင်း သမစိတ်ဓာတ်အခြေခံထားရှိမွေးမြူကြမည်ဆိုလျှင် လုပ်ကိုင်ပြောဆိုသော အရာအားလုံးသည် အောင်မြင်ဖို့သာရှိ၏။ ကြီးပွားတိုးတက်ရန်သာရှိ၏။ ထို့ကြောင့် ငါဟူသော အတ္တမာနကို ခဝါချပြီး တော်သင့်မှန်ကန်ဖြောင့်မတ်သည့် သမစိတ်ထားကို အစဉ်ထားရှိ မွေးမြူသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်
ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားတက်ရောက်

နေပြည်တော် မတ် ၃၀

၂၀၁၂ ခုနှစ်ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို မတ် ၂၄ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်မြင့်ကဖတ်ကြားပြီး တီဘီရောဂါအကြောင်းသိကောင်းစရာနှင့် ရှေ့လုပ်ငန်းစဉ်များကို တိုင်းဒေသကြီး တီဘီရောဂါ ဆရာဝန်ကြီး ဒေါက်တာတင်မောင်ဆွေက ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဆေးရုံဝင်းအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းဖောက်လုပ်မည့်နေရာများ၊ ပြည်တော်သာရပ်ကွက်ရှိ ပြည်တော်သာလမ်း တိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ရေဆိုးထုတ်မြောင်းများပြုပြင်မှုများ၊ ကန်သာရပ်ကွက်အတွင်းရှိ ကန်သာကန် တိုးချဲ့ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေပြည်သာမြို့နယ်၌ ချေးငွေများထုတ်ချေးပေး

ရန်ကုန် မတ် ၃၀

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး အစီအစဉ်အရ ရွှေပြည်သာမြို့နယ် အမှတ်(၂၁) ရပ်ကွက်ရှိ အရင်းအနှီးလိုအပ်သူ ၁၀၀ အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထုတ်ချေးသော ချေးငွေကျပ် သိန်း ၅၀ ပေးအပ်ပွဲအခမ်းအနားကို မတ် ၂၃ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦးက ချေးငွေထုတ်ချေးရခြင်းနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းမြင့်က အမှတ်(၂၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးရဲကျော်ဇောထံသို့ ချေးငွေကျပ် သိန်း ၅၀ ပေးအပ်သည်။

ရွှေပြည်သာမြို့နယ်တွင် ရပ်ကွက်ပေါင်း သုံး ရပ်ကွက်ရှိ အစုအဖွဲ့ ၇၃ ဖွဲ့နှင့် လူဦးရေ ၃၅၆ ဦးတို့အား ချေးငွေစုစုပေါင်း ငွေကျပ် ၉၉၂ သိန်းကို ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ (၁၆၆)

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ ကျင်းပ

ရန်ကုန် မတ် ၃၀

ရန်ကုန် မြောက်ပိုင်းခရိုင် ၂၀၁၂ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၈ ရက် နံနက် ၉ နာရီက အင်းစိန်မြို့နယ် အထက(၁) ကျောင်းခန်းမ၌ ကျင်းပသည်။

ဖတ်ကြား

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းက အမှာစကားပြောကြားပြီးနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ (၂၀၁၂)ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲ မိန့်ခွန်းအား ဒုတိယတိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝင်းကျော်က ဖတ်ကြားသည်။

ဆက်လက်၍ တီဘီရောဂါအကြောင်း သိကောင်းစရာနှင့် ရှေ့လုပ်ငန်းစဉ်များကို ခရိုင်တီဘီရောဂါ အဖွဲ့ခေါင်းဆောင် ဒေါက်တာကျော်နိုင်က ရှင်းလင်းပြောကြားကြောင်းသိရှိရသည်။ (မြန်မာ့အလင်း)

ဗဟန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို မတ် ၂၅ ရက် နံနက် ၉ နာရီခွဲက ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင် အုတ်လမ်းထိပ် ကျောက်ဆည်ဓမ္မာရုံ၌ ကျင်းပရာ ရှေးဦးစွာ သဘာပတိ ဗိုလ်ချုပ်အောင်ခင်(ငြိမ်း)**(အောက်ပုံ)**နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် အသက် (၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေများကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌက လည်းကောင်း၊ မသန်စွမ်းစစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေများကို အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်(ငြိမ်း)က လည်းကောင်း ပေးအပ်သည်။ ဆက်လက်၍ တက္ကသိုလ်ပညာသင်ထောက်ပံ့မှုရရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများနှင့် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် အဖွဲ့ဝင်သားသမီးများကို စီးပွားတာဝန်ခံ ဗိုလ်မှူးဖေသန်း (ငြိမ်း)က ဂုဏ်ပြုတံဆိပ်နှင့် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ် ကြပါရန်။

(မီးသတ်ဦးစီးဌာန)

ပုလဲသွယ်စပ်မျိုးစပါး ပညာပေးပွဲနှင့် စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ကျိုက်လတ် မတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် တဲ့တဲ့ကူးကျေးရွာအုပ်စု တောင်သူ ဦးခင်ဝင်း၏ လယ်မြေတွင် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် ပျိုးထောင် စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါး တောင်သူပညာပေးပွဲနှင့် သီးထပ်ရင် စံကွက်ရိတ်သိမ်းပွဲကို မတ် ၂၀ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်လတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဦးက အောင်မြင်ဖြစ်ထွန်းနေသော (၉၅)ရက်သား ပုလဲသွယ်စပ်မျိုးစပါးအား လက်တွေ့ပြသ၍ ပုလဲသွယ်စပ်မျိုးစပါး၏ အရည်အသွေးများကို ရှင်းလင်းဆွေးနွေးပြီး ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးလှဝေက ဖြည့်စွက် ဆွေးနွေးသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးလှဝေ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဝင်းနှင့် ခရိုင်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး၊ မြေစာရင်းဝန်ထမ်းများနှင့် စိတ်ပါဝင်စားသည့် တောင်သူများ လေ့လာကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (စိုက်ပျိုးရေး)

ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးချစ်ထွန်းနှင့်ဝန်ထမ်းများ မတ် ၁၄ရက်ကမိုးပွင့်အဆင့်(၂)ဖြင့် ဆောင်ရွက်ခဲ့သော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ခရိုင်ဦးစီးမှူး ဦးအေးသန်းက ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်သိန်းလှိုင် လက်ခံယူစဉ်။

(မြို့နယ် လဝက)

ရန်ကုန် မတ် ၃၀

စက်မှု၊ စိုက်ပျိုးရေးနှင့် ကုန်သွယ်မှုဆိုင်ရာများ ကုန်သည်/စက်မှုအသင်းချုပ်၌ တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုအသင်းချုပ်၊ စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းဗဟိုကော်မတီဝင်၊ အသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးစိန်ဝင်းလှိုင်နှင့် ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့ဝင်တို့အား ကုလသမဂ္ဂဖွံ့ဖြိုးရေး (UNDP) မှ Financial Consultant Mr Clay O' Brien နှင့် အဖွဲ့သည် UMFCCI ညှိခန်းမ၌ မတ် ၂၆ ရက်က လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် မြန်မာနိုင်ငံရှိ မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ မြို့နယ်အချို့တွင် ကျေးရွာအိမ်ထောင်စုများမှ ဈေးကွက်နှင့် လက်လှမ်းမီမှု၊ ငွေကြေးအထောက်အပံ့ရရှိမှု၊ နည်းပညာပံ့ပိုးရရှိမှုအခြေအနေနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပံ့ပိုးဖြည့်ဆည်းပေးမှု အခြေအနေကိုလည်းကောင်း၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၊ ပုဂ္ဂလိကပိုင်မှ စိုက်ပျိုးစရိတ်ချေးငွေ၊ သွင်းအားစုပံ့ပိုးမှု အခြေအနေနှင့် ထုတ်လုပ်မှုစရိတ်စသော စပါးဈေးသတ်မှတ်ဝယ်ယူနိုင်မှု အခြေအနေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပြည်ပအဖွဲ့အစည်းများမှ ပံ့ပိုးနိုင်ရေးတို့ကိုလည်းကောင်း ပူးပေါင်းဆောင်ရွက်ပြီး စီမံကိန်းအသစ် ရေးဆွဲနိုင်ရန် တွေ့ဆုံဆွေးနွေးကြကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေပြဋ္ဌာန်း

● ရှေ့ဖုံးမှ

၄။ မသန်မစွမ်းဖြစ်သွားသူတစ်ဦးသည် မသန်မစွမ်းမှုရာခိုင်နှုန်း ၆၀ နှင့်အထက် သတ်မှတ်ခံရပြီး တပ်မတော်တွင် ကျေနပ်လောက်အောင် တာဝန်ထမ်းဆောင်ခဲ့သည်ဟု အခွင့်ရအာဏာပိုင်ကသော်လည်းကောင်း၊ အခွင့်ရအာဏာပိုင်က အာဏာအပ်နှင်းထားသည့် အဖွဲ့ကသော်လည်းကောင်း သတ်မှတ်ခြင်းခံရပါက ထောက်ပံ့စောင့်ရှောက်မှုကို ခံစားခွင့်ရှိသည်။

အခန်း(၃)

သေဆုံးသူ သို့မဟုတ် ကျဆုံးသူများအတွက် ထောက်ပံ့စောင့်ရှောက်မှု

၅။ သေဆုံးသူ သို့မဟုတ် ကျဆုံးသူ တစ်ဦးသည် တပ်မတော်တွင် ကျေနပ်လောက်အောင် တာဝန်ထမ်းဆောင်ခဲ့သည်ဟု အခွင့်ရအာဏာပိုင်ကသော်လည်းကောင်း၊ အခွင့်ရအာဏာပိုင်က အာဏာအပ်နှင်းထားသည့် အဖွဲ့ကသော်လည်းကောင်း သတ်မှတ်ခြင်းခံရပါက ယင်း၏မှတ်တမ်းဝင်အမွေခံဇနီး သို့မဟုတ် ခင်ပွန်း သို့မဟုတ် သားသမီးသည် ထောက်ပံ့စောင့်ရှောက်မှုကို ခံစားခွင့်ရှိသည်။

အခန်း(၄)

ထောက်ပံ့စောင့်ရှောက်မှုခံစားခွင့်မရှိခြင်း

၆။ (က) ပုဒ်မ ၄ အရ ထောက်ပံ့စောင့်ရှောက်မှု ခံစားခွင့်ရှိသူသည် တည်ဆဲဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထောင်ဒဏ်ငါးနှစ်နှင့်အထက် ချမှတ်ခံရပါက ထောက်ပံ့စောင့်ရှောက်မှုခံစားခွင့် မရှိစေရ၊

(ခ) ပုဒ်မ ၅ အရ ထောက်ပံ့စောင့်ရှောက်မှုခံစားခွင့်ရှိသူသည် တည်ဆဲဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထောင်ဒဏ်သုံးနှစ်နှင့်အထက် ချမှတ်ခံရပါက ထောက်ပံ့စောင့်ရှောက်မှုကို ခံစားခွင့်မရှိစေရ။

၇။ ဤဥပဒေ ပုဒ်မ ၄ သို့မဟုတ် ပုဒ်မ ၅ ပါ ထောက်ပံ့စောင့်ရှောက်မှုခံစားခွင့်ရှိသူသည် မြန်မာနိုင်ငံသားအဖြစ်မှ နိုင်ငံခြားသားအဖြစ်သို့ ကူးပြောင်းခဲ့လျှင် ထောက်ပံ့စောင့်ရှောက်မှုကို ခံစားခွင့်မရှိစေရ။

အခန်း(၅)

အထွေထွေ

၈။ ကာကွယ်ရေးဝန်ကြီးဌာနသည် ဤဥပဒေအရ ခံစားခွင့်ရှိသူများ ထောက်ပံ့စောင့်ရှောက်မှုရရှိနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနသည်-

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ရုရှားမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်ထောင်စုမူးယစ်ဆေးဝါး တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု ထိန်းချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး H.E. Mr. Victor P. Ivanov နှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံပြီး **(ယာပုံ)** မြန်မာ-ရုရှား မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Dr. Mikhail M. Mgeladze နှင့် အဖွဲ့ဝင်များလည်းတက်ရောက်ကြသည်။ **(သတင်းစဉ်)**

(၅၄)ကြိမ်မြောက် ကယားရိုးရာ စုပေါင်းကေ့ထျိုးဘိုး ရိုးရာပွဲတော်ကျင်းပ

နေပြည်တော် မတ် ၃၀

ကယားပြည်နယ် (၅၄)ကြိမ်မြောက် ကယားရိုးရာ စုပေါင်းကေ့ထျိုးဘိုး ရိုးရာပွဲတော်ကို မတ် ၂၇ ရက် နံနက် ၇ နာရီက ဒီမောဆိုမြို့ ငံရိုးကျေးရွာ၌ ကျင်းပရာ ကေ့ထျိုးဘိုး ရိုးရာဂေါပက အဖွဲ့ချုပ်မှ တာဝန်ရှိသူများက စုပေါင်းကေ့ထျိုးဘိုး ရိုးရာတံခွန်တိုင်ကို စိုက်ထူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် ကရင်နီပြည် လူမျိုးပေါင်းစုံလွတ်မြောက်ရေးတပ်ဦးမှ ဒုတိယဥက္ကဋ္ဌ ဦးထွန်းကျော်တို့က ကမ္ပည်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးခဲ့ကြသည်။

ကေ့ထျိုးဘိုး (ခေါ်) တံခွန်တိုင်ပွဲတော်ကို မိုးလေဝသမှန်ကန်ခြင်း၊ ဆန်ရေစပါး ကောက်ပဲသီးနှံ ပေါများခြင်း၊ တိုင်းပြည်အေးချမ်းသာယာဝပြောခြင်း၊ ရောဂါဘယ ဘေးအန္တရာယ်ကင်းရှင်းခြင်းစသည့် ယုံကြည်ချက်များဖြင့် ကျင်းပကြခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်တွင် ရေဆက်သွယ်ကစားလိုသူများ ခွင့်ပြုမိန့်လျှောက်ထားနိုင်

ရန်ကုန် မတ် ၃၀

မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်လိုင်း၊ အင်းလျားကန်နှင့်ကန်တော်ကြီးကန်တို့မှရေကို ဆက်သွယ်ကစားလိုသည့်ကိစ္စရပ်များ စိစစ်ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သို့ ဧပြီ ၁၁ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ခွင့်ပြုမိန့်လျှောက်ထားကြရမည် ဖြစ်သည်။

ယာယီရေဆက်သွယ်ခွင့်လျှောက်လွှာများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ မြို့နယ် (ရေ/သန့်) တာဝန်ခံရုံးများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ဒုတိယထပ်ရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ရုံးခန်း၌ အခမဲ့ထုတ်ယူနိုင်ပြီး လျှောက်လွှာတွင် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ် (ရေ/သန့်) တာဝန်ခံတို့၏ မှတ်ချက်နှင့် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ မဏ္ဍပ်ဆောက်လုပ်ခွင့်ကို ပူးတွဲ၍ တင်ပြလျှောက်ထားရမည်ဖြစ်သည်။

ရေဆက်သွယ်မှုကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှိ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဝန်ထမ်းများက ရေဆက်သွယ်သူများ လိုက်နာရန် စည်းကမ်းချက်များနှင့်အညီ ရေကစားမဏ္ဍပ်သို့ ရေဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ခွင့်ပြုမိန့်မရှိဘဲ ကော်မတီပိုင် ရေပိုက်များ၊ အင်းလျားကန်၊ ကန်တော်ကြီးကန်နှင့် အခြားမြေစိုက်ကန်များမှ ရေပိုက်ကို ဆက်သွယ်၍ ရေကစားခြင်း မပြုရန်နှင့် ကော်မတီပိုင် မီးသတ်ပိုက်ခေါင်းများမှ ရေကစားခြင်း လုံးဝ(လုံးဝ)မပြုလုပ်ရန်၊ ပြုလုပ်ပါက ဥပဒေစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် လောင်းလုံး၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် မတ် ၃၀

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုသည် မတ် ၂၉ ရက် မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် လောင်းလုံးမြို့နယ် မြို့ဟောင်းကျေးရွာ ဓမ္မဂုဏ်ရည်ကျောင်းဆရာတော်၊ ကမြောရွာ ကမြောတိုက်သစ်ဆရာတော်နှင့် ကမြောကျောင်းကြီးကျောင်း ဆရာတော်တို့အား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍**(အပေါ်ဝဲပုံ)** ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးမွေးမြူရေးကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအောင်သံဃာများအား အောင်လက်မှတ်များ ဆက်ကပ်

ကန်ကြီးထောင့် မတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အမှတ်(၁)ရပ်ကွက် သီရိမင်္ဂလာရာမကျောင်းတိုက်တွင် မတ် ၂၆ ရက် နံနက် ၈ နာရီခွဲက ကန်ကြီးထောင့်မြို့နယ် ပဥ္စမအကြိမ်မြောက် ပါဠိပထမပြန် စာမေးပွဲအောင် သံဃာတော်များအား အောင်လက်မှတ်များဆက်ကပ်ခြင်းနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် ကန်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီးနောက် စာအောင်သံဃာတော်များ ဖြစ်သော အကြီးတန်းသံဃာ ၂၇ ပါး၊ အလတ်တန်းသံဃာ ၁၅ ပါးနှင့် အငယ်တန်းသံဃာ ၇ ပါးတို့အား အောင်လက်မှတ်များ ဆက်ကပ်ခဲ့ကာ ဆဋ္ဌမအကြိမ်မြောက် ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုသံဃာတော်များအတွက် လှူဒါန်းသော အလှူရှင်များအား တာဝန်ရှိသူအသီးသီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မတ် ၃၀ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၁)တိုးချဲ့ ရပ်ကွက် တော်ဝင်အိမ်ရာတွင် အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုး လုပ်ငန်း ဆောင်ရွက်စဉ်။

(မြန်မာ့အလင်း)

မှတ်တမ်းလွှာပေးအပ်

ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ဆိုင်များရှိသည့် အခြေခံကျောင်းများအား ဂုဏ်ပြုချီးမြှင့်ပွဲကို မတ် ၂၈ ရက် နံနက်က မြို့တော်ခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးလှမြင့်က ပထမဆုရရှိသော အထက(၁) ဒဂုံအား ကျောင်းအုပ်ဆရာကြီး ကိုယ်စား ဆရာမဒေါ်ဝင်းမာထံ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (ဝဝ၁)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်ထောင်စုမူးယစ်ဆေးဝါးတရားမဝင်သယ်ဆောင်ရောင်းဝယ်မှု ထိန်းချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး H.E.Mr.Victor P. Ivanov အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အပြီးသတ်ဆုံးဖြတ်ချက်များချမှတ်ခြင်း

နေပြည်တော် မတ် ၃၀

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အားလုံး ပါဝင်သောခုံရုံးသည် နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က တင်သွင်းလာသည့် တင်သွင်းလွှာအမှတ် (၁/၂၀၁၂)နှင့် တင်သွင်းလွှာအမှတ် (၂/၂၀၁၂)တို့ကို ၂၀၁၂ ခုနှစ်၊ မတ် ၂၈ ရက် နံနက် ၁၀ နာရီ၌ ရုံးခန်းအမှတ် (၁)တွင် ရုံးထိုင်၍ အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

ယင်းဆုံးဖြတ်ချက်များမှာ တင်သွင်းလွှာအမှတ် (၁/၂၀၁၂)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် ယင်းအဖွဲ့အစည်းဝင် (သို့မဟုတ်) ပုဂ္ဂိုလ်များဆိုသည်မှာ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူပြီးခန့်ထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနှင့် ယင်းအဖွဲ့အစည်းဝင် (သို့မဟုတ်) ပုဂ္ဂိုလ်များဖြစ်ကြကြောင်း၊ လွှတ်တော်အသီးသီးမှဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များသည် လွှတ်တော်အဖွဲ့အစည်းများဖြစ်ကြောင်း၊ လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့်ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့အား ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် ထည့်သွင်းအဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် တင်သွင်းလွှာအမှတ်(၂/၂၀၁၂)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို ခန့်အပ်တာဝန်ပေးရာ၌ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် သတ်မှတ်၍ အမိန့်ထုတ်ပြန် ခန့်အပ်တာဝန်ပေးခြင်း ဖြစ်သောကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၅ နှင့် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း အနက်အဓိပ္ပာယ် ဖွင့်ဆိုခဲ့သည့် ခုံရုံး၏ ၁၄-၁၂-၂၀၁၁ ရက်နေ့ ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ပေးရန် နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က တင်သွင်းခဲ့ရာ ခုံရုံး၏ ဆုံးဖြတ်ချက်သည် ဥပဒေအရ အပြီးအပြတ်အတည်ဖြစ်သည့် ဆုံးဖြတ်ချက်ဖြစ်သဖြင့် တင်သွင်းလွှာကို တင်သွင်းခွင့်မရှိကြောင်း ဆုံးဖြတ်ခဲ့သည်ဟု သိရှိရသည်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ဒုတိယဝန်ကြီးဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများတက်ရောက်ကြပြီး ညှိုသည်တော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်ထောင်စုမူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု ထိန်းချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး H.E. Mr. Victor P. Ivanov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Dr. Mikhail M. Mgeladze လည်း တက်ရောက်သည်။

ယင်းသို့တွေ့ဆုံရာတွင် မူးယစ်ဆေးဝါး တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု ထိန်းချုပ်ရေးအတွက် နှစ်နိုင်ငံပူးပေါင်း တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ (သတင်းစဉ်)

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲနှင့် လှူဒါန်းပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၃၀

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းပြည်သူ့ဆေးရုံသစ် ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရေဆင်းတက္ကသိုလ်နယ်မြေရှိ အဆိုပါဆေးရုံ၌ ကျင်းပရာ သမဝါယမနှင့်မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီးများ၊ ရေဆင်းတက္ကသိုလ်နယ်မြေရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာ မင်းသန်းညွန့်နှင့် အလှူရှင် မိုမင်တန်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးကြည်ဆွေနှင့် ဇနီး ဒေါ်မိမိမော်တို့က ရေဆင်းပြည်သူ့ဆေးရုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အလှူရှင် ဦးကြည်ဆွေမိသားစုတို့က ဆေးရုံသစ်ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းတို့ကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကြပြီး ဆေးရုံကိုလှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆေးရုံသစ်အစည်းအဝေးခန်းမ၌ကျင်းပရာ မိုမင်တန်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးကြည်ဆွေက ဆေးရုံအဆောက်အအုံသစ် ဆောက်လုပ်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော် ရေဆင်းပြည်သူ့ဆေးရုံသစ် အဆောက်အအုံ၊ ဆေးရုံသုံးပရိဘောဂများနှင့် လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်ခြင်းနှင့် ဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်းခြင်းအစီအစဉ်ကို ကျင်းပရာ အလှူရှင်ဦးကြည်ဆွေနှင့်ဇနီး ဒေါ်မိမိမော် မိသားစုတို့က စာရွက်စာတမ်းနှင့် အလှူငွေများကို ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး) ဒေါက်တာမင်းသန်းညွန့်ထံ ပေးအပ်လှူဒါန်းပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွဋ်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်တို့ ဇေယျာသီရိမြို့နယ် ရေဆင်းပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြစဉ်။ (သတင်းစဉ်)

အရှေ့ပိုင်းဒေသများတွင် ကွက်ကျားမိုးရွာနိုင်

နေပြည်တော် မတ် ၃၀

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့်တောင်ပိုင်း၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်မှာ မုံရွာမြို့၊ ချောက်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီ စင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ မချမ်းဘောမြို့တွင် ၀ ဒသမ ၄၃ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့လက်ရွေးစင်အမျိုးသားတင်းနစ်အသင်း နိုင်ငံတကာပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ရန် ဗီယက်နမ်သို့ထွက်ခွာ

ရန်ကုန် မတ် ၃၀

၂၀၁၃ ခုနှစ် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသားတင်းနစ်အသင်း အောင်မြင်မှုရရှိစေရေးအတွက်လည်းကောင်း၊ နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံကောင်းများ ရရှိစေရေးလည်းကောင်း အဓိကရည်ရွယ်ချက်များဖြင့် နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရန် အသင်းခေါင်းဆောင် မင်းမင်း၊ ငယ်နှောင်း၊ ဖြိုးမင်းသာနှင့် အောင်ကျော်နိုင်တို့ ပါဝင်သော မြန်မာအမျိုးသားလက်ရွေးစင် တင်းနစ်အသင်းသည် မတ် ၂၉ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားသည်။ **(ယာပုံ)**

မြန်မာအမျိုးသား လက်ရွေးစင် အသင်းသည် ဧပြီ ၂ ရက်မှ ၈ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပမည့် ၂၀၁၂ ခုနှစ် ITF Future (F1)ပြိုင်ပွဲနှင့် ဧပြီ ၉ ရက်မှ ၁၅ ရက်အထိ ဟိုချီမင်းမြို့၌ပင် ဆက်လက်ကျင်းပမည့် ITF Future (F2) ပြိုင်ပွဲများတွင်လည်းကောင်း၊ ဧပြီ ၁၆ ရက်မှ ၂၃ ရက်အထိ ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပသည့် ၂၀၁၂ ခုနှစ် Davis Cup by Paribas Asia/ Oceania Zone Group (IV) ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ဆက်လက်၍ မြန်မာအမျိုးသား လက်ရွေးစင်အမျိုးသား တင်းနစ်အသင်းသည် မေ ၇ ရက်မှ ၁၃ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် Thailand F1 Future ပြိုင်ပွဲတွင် လည်းကောင်း၊ မေ ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် Thailand F2 Future ပြိုင်ပွဲတွင်လည်းကောင်း၊ မေ ၂၁ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် Thailand F3 Futures ပြိုင်ပွဲ သုံးပွဲစလုံး၌ ပါဝင်ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့သို့ ကြိုတင်ရောက်ရှိနေသော မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (Tennis Federation of Myanmar) (နည်းပြချုပ်) Mr. Robert Jesse Davis သည် မြန်မာအမျိုးသားလက်ရွေးစင် တင်းနစ်အသင်းနည်းပြအဖြစ် တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၃၁-၃-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ကျန်းမာဖို့အတူကစားစို့
၇:၃၀ နံနက်ခင်းသတင်း
၇:၄၀ နမော-နမော (သန်းမြတ်စိုးနှင့်အဖွဲ့၊ တေးရေး-မောင်မောင်လတ်)
၇:၅၀ သံသာချိုအေး မင်္ဂလာတေး
၈:၀၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၅ သုတရောင်စုံပန်းခင်း
၈:၁၀ ကဗျာပန်းဥယျာဉ်
၈:၂၅ သူငယ်ချင်းမရှိတဲ့ဥပဒေ
၈:၄၀ International News
၈:၄၅ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁:၁၀ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

ညပိုင်း

၄:၄၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(အိမ်တွင်းစီးပွား အထူးပြု)(အိမ်တွင်းစီးပွား)
၇:၄၅ ဂန္ထဝင်စံထားသံလွင်တံတား (မော်လမြိုင်)မှသည် ရာမညသား အိပ်မက်များနိုးထနိုင်ပြီ
၈:၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်
- **ဒီမိုမွေးနေ့**
ရှက်တယ်၊ နိုင်လူ၊ ဝါးခယ်မရဲမောင်၊ ဇော်ဝင်းနိုင်၊ အေးအေးခိုင်၊အိဖြိုးချယ်ရီ (ဒါရိုက်တာ-အကယ်ဒမီဇော်မြင့်ဦး)

လျှပ်စစ်နှင့်စက်မှုဖွံ့ဖြိုးရေး ကော်မတီနှင့် လုပ်ငန်းရှင်များတွေ့

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေး မြောက်ပိုင်းခရိုင် ရွှေလင်ပန်းစက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီနှင့် လုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားကို မတ် ၂၁ ရက်က ရွှေလင်ပန်းစက်မှုမြို့ အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးအောင်လင်းက ဆောင်ရွက်ကာ ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးခင်လှုက အမှာစကားပြောကြားပြီး လမ်းခင်းခြင်းကိစ္စနှင့် တိုးချဲ့ဓာတ်အားပေးစက်ရုံ 20-MKW တပ်ဆင်ရန် ကိစ္စရပ်များကို ဆွေးနွေးရာ တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။ (၁၂၂)

အစုလိုက်ကာကွယ်ဆေးထိုး

၂၀၁၂ခုနှစ် အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ ရက်က ဗိုလ်တထောင်မြို့နယ် အမှတ် (၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ အသက်ကိုးလမှ ငါးနှစ်အတွင်းရှိ ကလေးသူငယ်များအား တာဝန်ရှိသူများက အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။ (မြန်မာ့အလင်း)

နိုင်ငံတကာသတင်းအတိုအထွာ (၃၀-၃-၂၀၁၂)

➤ တင်မောင်လွင် – စုစည်းသည် ➤

ဒမတ်စကတ်မြို့ရှိ တူရကီသံရုံးလုပ်ငန်းများ ရပ်ဆိုင်း

တူရကီနိုင်ငံက ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ရှိ ၎င်း၏သံရုံးလုပ်ငန်းများကို ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် တူရကီဝန်ကြီးချုပ်တို့ တွေ့ဆုံအပြီးတွင် တူရကီတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း မတ် ၂၈ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ ဒမတ်စကတ်မြို့ရှိ တူရကီသံရုံးလုပ်ငန်းများကို မတ် ၂၆ ရက်နံနက်က စတင်၍ ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း၊ တူရကီသံတမန်အားလုံးလည်း ဆီးရီးယားနိုင်ငံမှ ထွက်ခွာခဲ့ပြီဖြစ်ကြောင်း အမည်မဖော်လိုသူ တူရကီသံတမန်တစ်ဦးက ယင်းနေ့တွင် ပြောကြားခဲ့သည်။ သို့သော် ဆီးရီးယားနိုင်ငံအနောက်ပိုင်းရှိ အယ်လက်ပိုမြို့ရှိ တူရကီကောင်စစ်ဝန်ရုံးကို ဆက်လက်ဖွင့်ထားမည်ဖြစ်သည်။

ဗာဂျီးနီးယားပြည်နယ် အနောက်ပိုင်းတွင် မီးလောင်

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်အနောက်ပိုင်းတွင် နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားပြီးနောက် ကလေးခြောက်ဦးအပါအဝင် အနည်းဆုံး လူရှစ်ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက မတ် ၂၈ ရက်တွင် ပြောကြားသည်။ ဖြစ်ပွားမှုမှာ မတ် ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီ ၂၅ မိနစ်က ဗာဂျီးနီးယားပြည်နယ်အနောက်ပိုင်း ချာလီစတုန်းမြို့ရှိ နေအိမ်တစ်လုံးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းမီးလောင်မှုကြောင့် အသက် ၂၆ နှစ်နှင့် အသက် ၂၄ နှစ်အရွယ်ရှိ ညီမနှစ်ဦးနှင့် ၎င်းအိမ်မှ ကလေးခြောက်ဦးသေဆုံးခဲ့ကြောင်း ဒေသအတွင်းရှိ ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါမီးလောင်မှုသည် နှစ်ထပ်အိမ်တစ်လုံးအတွင်း ဖယောင်းတိုင်ထွန်းသည့်နေရာမှ စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း ကနော်ဟာစီရင်စု အစိုးရရှေ့နေတစ်ဦးက မှုခင်းစုံစမ်းရေးအဖွဲ့သို့ ပြောကြားခဲ့သည်။

တရုတ်(တိုင်ပေ)အရှေ့မြောက်ကမ်းလွန်တွင် ငါးဖမ်းသင်္ဘောမှောက်

တရုတ်(တိုင်ပေ)အရှေ့မြောက်ပိုင်း ကမ်းလွန်တွင် ငါးဖမ်းသင်္ဘောတစ်စင်း တိမ်းမှောက်မှုဖြစ်ပွားပြီးနောက် သင်္ဘောသားခုနစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာမီဒီယာများက မတ် ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။ အဆိုပါ ငါးဖမ်းသင်္ဘောသည် မတ် ၂၅ရက်က အဆက်အသွယ်ပြတ်တောက်သွားခဲ့ခြင်း ဖြစ်သည်။ မတ် ၂၆ ရက်က ယင်းသင်္ဘောတိမ်းမှောက်ပြီး မျောပါနေသည်ကို ကယ်ဆယ်ရေးအဖွဲ့များက တွေ့ရှိခဲ့သည်ဟုဆိုသည်။ မတော်တဆမှု ဖြစ်ပွားချိန်တွင် ယင်းရေယာဉ်ပေါ်၌ တရုတ်(တိုင်ပေ)မှ သင်္ဘောမာလိန်မှူးအပါအဝင် တရုတ်တံငါသည် လေးဦးနှင့် အင်ဒိုနီးရှားတံငါသည်နှစ်ဦး ရှိနေခဲ့ကြောင်း၊ အဆိုပါသင်္ဘောသည် ကမ်းခြေသို့အပြန်တွင် ပြင်းထန်သောလေမုန်တိုင်းများနှင့် ရေလှိုင်းများကြောင့် ထိုသို့ဖြစ်ပွားရသည်ဟု ယုံကြည်ကြောင်း ကယ်ဆယ်ရေးသမားများက ပြောကြားသည်။

ဖောက်ခွဲရေးပစ္စည်း ၁၇ တန် အာဖဂန်နစ္စတန်တောင်ပိုင်းမှ ဖမ်းမိ

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် ဖောက်ခွဲရေးပစ္စည်း ၁၇ တန်တွေ့ရှိကြောင်း အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။ မတ် ၂၅ ရက် ည စစ်ဆင်ရေးအတွင်းတွင် ကန်ဒါဟာပြည်နယ်မှ ဖောက်ခွဲရေးပစ္စည်းတစ်ခုလျှင် ၃ ကီလိုဂရမ်မှ ၁၀ ကီလိုဂရမ်လေးသည့် စိန်ပြောင်းကျည်ဖူး ၅၀၀၀ ခန့်အပြင် ဖောက်ခွဲရေးပစ္စည်းနှစ်တန်ကို မိမိတို့တွေ့ရှိရကြောင်း တောင်အာဖဂန်နစ္စတန်နယ်စပ် ရဲတပ်ဖွဲ့မှူး တက်ဆီယာခန်နိုဂျာနီက ပြောကြားသည်။ စစ်ဆင်ရေးအတွင်း ထရပ်ကားယာဉ်မောင်းနှစ်ဦးလည်း သေဆုံးသွားကြောင်း ၎င်းက ပြောကြားသည်။ *(အင်တာနက်)*

မြန်မာ့အလင်း **နောက်ဆုံးရ နိုင်ငံတကာသတင်း**

မိုးမြင့်လင်းလက် - စုစည်းသည်

အပိုလို-၁၁ အာကာသယာဉ်မှ အင်ဂျင်အစိတ်အပိုင်းများ သမုဒ္ဒရာကြမ်းပြင်၌ ပြန်လည်တွေ့ရှိ

အပိုလို-၁၁ အာကာသယာဉ်ကို သယ်ဆောင်သွားသည့် ဆာတန်ဗွီဒုံးပျံအင်ဂျင် အစိတ်အပိုင်းများကို ၁၉၆၉ ခုနှစ်က ဤသို့တပ်ဆင်ခဲ့သည်။

ဝါရှင်တန် မတ် ၃၀

ပထမဆုံး လလှေ့လာရေးအာကာသယာဉ် အပိုလို-၁၁ ကို သယ်ဆောင်သွားသည့်ဒုံးပျံမှ ကာလရှည်ကြာစွာ သမုဒ္ဒရာရေပြင်အောက် နစ်မြုပ်ပျောက်ဆုံးနေသော F-1 အမျိုးအစားအင်ဂျင်အစိတ်အပိုင်းများကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီဖြစ်ကြောင်း အမေဇုန်ကုမ္ပဏီပိုင်ရှင်နှင့် အာကာသယာဉ်ပျံသန်းမှုဆိုင်ရာများကို စိတ်ဝင်စားစွာ သုတေသနပြုသူတစ်ဦးဖြစ်သည့် သူဌေးကြီးဂျက်ဖ်ဘီဇိုစ်က မတ် ၂၉ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အဆိုပါ အပိုလို-၁၁ အာကာသယာဉ်ကိုသယ်ဆောင်သွားသည့်ဒုံးပျံမှ အင်ဂျင် အစိတ်အပိုင်းများကို ရေအောက်အသံလှိုင်းသုံးပစ္စည်းရှာဖွေရေးကိရိယာ ဆိုနာဖြင့် ရှာဖွေခဲ့ရာမှ အတ္တလန္တိတ်သမုဒ္ဒရာ ရေအောက်ပေ ၁၄၀၀၀ ခန့် ကြမ်းပြင်၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းအာကာသယာဉ်သည် ၁၉၆၉ ခုနှစ်က အာကာသယာဉ်မှူးများကို သယ်ဆောင်ကာ ပထမဆုံးလမျက်နှာပြင်ပေါ်သို့ ဆင်းသက်ခဲ့သည့် ခရီးစဉ်တွင် အသုံးပြုခဲ့သည့် အာကာသယာဉ်ဖြစ်သည်။ ယင်း F-1 အင်ဂျင်သည် အပိုလို-၁၁ အာကာသယာဉ်ကို ကမ္ဘာ့လေထုအတွင်းမှ လသို့ ပျံသန်းစေရာတွင် သယ်ဆောင်သွားသည့် ဆာတန်ဗွီဒုံးပျံ၌ အသုံးပြုခဲ့ခြင်းဖြစ်ပြီး တာဝန်ပြီးဆုံးသည်နှင့် ၎င်းဒုံးပျံသည် ကမ္ဘာ့လေထုမှတစ်ဆင့် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ပျက်ကျခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အိန္ဒိယသမုဒ္ဒရာအတွင်းမှ ငါးဖမ်းသင်္ဘောတစ်စင်း ဆိုမာလီတားပြများ အပိုင်စီး

နိုင်ရိုဘီ မတ် ၃၀

အိန္ဒိယသမုဒ္ဒရာအတွင်း ဆေးရှဲလ်ကျွန်းနိုင်ငံကမ်းလွန်၌ တရုတ်တိုင်ပေ ငါးဖမ်းသင်္ဘော နပမ်-၃ကို ဆိုမာလီ ပင်လယ်ဓားပြများက အပိုင်စီးလိုက်ကြောင်း အင်တာနက်သတင်းတွင်ဖော်ပြသည်။

ဆေးရှဲလ်နိုင်ငံ အရှေ့တောင်ဘက်ကမ်းလွန် ရေမိုင် ၆၅ မိုင်ခန့်အကွာတွင်ငါးဖမ်းသင်္ဘော နပမ်-၃ ခုတ်မောင်းနေစဉ် မတ် ၂၈ ရက်တွင် ပင်လယ်ဓားပြများက သင်္ဘောကို တိုက်ခိုက်အပိုင်စီးလိုက်ခြင်းဖြစ်သည်။

ယင်းနောက် အဆိုပါငါးဖမ်းသင်္ဘောသည် ဆိုမာလီကမ်းခြေသို့ ဦးတည်ကာ လမ်းကြောင်းပြောင်းခုတ်မောင်းကြောင်း ကင်ညာရေကြောင်းသွားလာရေးအရာရှိ အင်ဒရူးအမ်ဝမ်ဝူရာက ပြောကြားသည်။ ငါးဖမ်းသင်္ဘောနှင့်တကွ သင်္ဘောပေါ်လိုက်ပါလာသူများ၏ အခြေအနေကို ယခုအထိအတိအကျမသိရသေးဟုဆိုသည်။ **(အင်တာနက်)**

ဖိလိပ်ပိုင်နိုင်ငံအနောက်ပိုင်းတွင်ရေလွှမ်း၊ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေ မုန်တိုင်းအသွင်မကြီးထွားနိုင်သော်လည်း လေပြင်းများတိုက်ခတ်နိုင်

စူဗာ မတ် ၃၀

ဖီဂျီနိုင်ငံအနောက်ပိုင်းဒေသများတွင် ရေကြီးရေလွှမ်းမှုများ ဖြစ်ပွားလျက်ရှိရာ စာသင်ကျောင်းများကို ပိတ်ထားရကြောင်း၊ ယင်းသို့ ရာသီဥတုအခြေအနေဆိုး ကြုံတွေ့နေသဖြင့် လေယာဉ်ပျံသန်းရေးခရီးစဉ်များ ရပ်နားထားရကြောင်း မတ် ၃၀ ရက်တွင် နိုင်ငံအစိုးရက ထုတ်ပြန်သည်။ **(အောက်ပုံ)**

နာဒီပြည်နယ်အနောက် အနောက်တောင်ပိုင်းတွင် အားနည်းသော လေဖိအားနည်းရပ်ဝန်း ဆက်လက်ဖြစ်ပေါ်နေသဖြင့် အနောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်ကြောင်း ပြန်ကြားရေးဌာနက သတိပေးချက် ထုတ်ပြန်ထားသည်။

ထိုနယ်မြေဒေသအတွင်းရှိ မြို့ကြီးတစ်မြို့လုံးရေလွှမ်းမိုးမှုကြုံလျက်ရှိကြောင်း၊ မြစ်များ၊ ချောင်းများ အနီးဝန်းကျင်နေရာနှင့် မြေနိမ့်ရာရပ်ကွက်ကျေးရွာများအတွက် သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သတင်းတွင် ဖော်ပြသည်။

အတည်ပြုကြေညာ

နိုင်ငံအနောက်ပိုင်း နယ်မြေများတွင် ရေကြီးရေလွှမ်းမှုများ ကြုံတွေ့နေကြောင်း၊ ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းသည် တောင်ဘက်သို့ တရွေ့ရွေ့ဦးတည်ရွေ့လျားလျက်ရှိသော်လည်း ဆိုင်ကလုန်းမုန်တိုင်းအဆင့် ကြီးထွားလာနိုင်မည်မဟုတ်ကြောင်း ဖီဂျီမိုးလေဝသဌာနက အတည်ပြုကြေညာသည်။

နိုင်ငံအနောက်ပိုင်း ဒေသထက်ဝက်ကျော်တွင် လေပြင်းများ တိုက်ခတ်လာနိုင်သည်ဟု သတိပေးချက် ထုတ်ပြန်ထားကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ယီမင်နိုင်ငံဒေသအချို့ အာဟာရချို့တဲ့မှုကြုံ ကမ္ဘာပေါ်၌ ဒုတိယမြောက် အဆိုးဆုံးနိုင်ငံဖြစ်

ဆာနာ မတ် ၃၀

ယီမင်နိုင်ငံအချို့ဒေသတွင် အာဟာရချို့တဲ့မှု ပိုမိုပျံ့နှံ့ကြီးထွားလာကြောင်း၊ ယီမင်နိုင်ငံမှ ကလေးသူငယ် ၅၇ ရာခိုင်နှုန်းမှာ နာတာရှည်အာဟာရချို့တဲ့မှုဒဏ် ခံစားနေရကြောင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)က ကြေညာသည်။ ယီမင်နိုင်ငံ၏ နိုင်ငံရေးဝရုန်းသုန်းကားအခြေအနေက လူမှုရေးအကျပ်အတည်းကြုံရစေရန်တွန်းပို့ပေးကြောင်း၊ယင်းအကျပ်အတည်းသက်သာစေရေးအတွက် ယီမင်နိုင်ငံကို အကူအညီများပေးကြရန်လည်း ယူနီဆက်အဖွဲ့က နိုင်ငံတကာ အသိုက်အဝန်းသို့ မေတ္တာရပ်ခံထားပြီးဖြစ်ကြောင်း သိရသည်။

ယီမင်ကလေးသူငယ် ၅၇ရာခိုင်နှုန်းမှာ ကြီးထွားမှုနှုန်း ရပ်တံ့နေသည့်အတွက် ယီမင်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံပြီးလျှင်ကမ္ဘာပေါ်၌ နာတာရှည်အာဟာရချို့တဲ့မှုနှုန်း ဒုတိယအမြင့်ဆုံးနိုင်ငံဖြစ်ကြောင်း အင်တာနက်သတင်းတွင်ဖော်ပြပါရှိသည်။ **(အင်တာနက်)**



ဆိုဗီယက်ပြည်ထောင်စုခေတ်ကပထမဆုံးဂြိုဟ်တု ကမ္ဘာမြေသို့ကျဆင်း

မော်စကို မတ် ၃၀

ယခင် ဆိုဗီယက်ပြည်ထောင်စုခေတ်က ပထမဆုံးလွှတ်တင်ထားခဲ့သည့် ၄၃ နှစ်ကြာ သက်တမ်းရှိပြီဖြစ်သော ရာသီဥတု ထောက်လှမ်းရေးဆိုင်ရာဂြိုဟ်တု မီတီအော-၁ သည် မတ် ၂၇ ရက်က အန္တာတိကဒေသသို့ကျဆင်းလာခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ မတ် ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါဂြိုဟ်တု **(ဝဲပုံ)**သည် မော်စကိုစံတော်ချိန် ၂ နာရီ ၁၇ မိနစ်၌ ကမ္ဘာ့လေထုအတွင်း ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း ရုရှားအာကာသရေးရာပင်မဌာနမှ ပြောရေးဆိုခွင့်ရှိသူ အလက်ဇီဇိုလိုတူကင်က ပြောကြားသည်။ ၎င်းဂြိုဟ်တုသည် အန္တာတိကဒေသ ကွင်းမက်လန်းအရပ်သို့ ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

မီတီအော-၁ ဂြိုဟ်တုကို ရုရှားနိုင်ငံ ပလီဆက်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ၁၉၆၉ ခုနှစ် မတ် ၂၆ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

၎င်းဂြိုဟ်တုသည် အလေးချိန် ၁ ဒသမ ၄ တန်ရှိပြီး ဆိုဗီယက်ပြည်ထောင်စုခေတ်က ပထမဆုံးလွှတ်တင်ခဲ့သော ဂြိုဟ်တုဖြစ်သည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ ခိုင်ဘာပြည်နယ်ရှိ ဓာတ်ငွေ့ပိုက်လိုင်း အကြမ်းဖက်သမားများ ဒိုင်းနမိုင်းဖြင့်ဖောက်ခွဲ

အစ္စလမ္မာဘတ် မတ် ၃၀

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာပြည်နယ်အတွင်း အဓိက ဓာတ်ငွေ့ပိုက်လိုင်း တစ်နေရာကို တာလီဘန်လိုလားသည့် အကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီးသဖြင့် ဒေသတွင်းနေရာသုံးလေးနေရာတွင် ဓာတ်ငွေ့ဖြန့်ဖြူးမှု ပြတ်တောက်ကုန်သည်။

ရပ်ဆိုင်းသွားခဲ့

ပက်ရှဝါမြို့တော် လန်ဒီအာဘက်ဒေသ ရင်းလမ်းအနီး ဓာတ်ငွေ့ပိုက်လိုင်းကို အကြမ်းဖက်သမားများက ဒိုင်းနမိုင်းဖြင့် ဖောက်ခွဲခြင်းဖြစ်သည်။ ယင်းသို့ ပိုက်လိုင်းကို ဖောက်ခွဲဖျက်ဆီးသဖြင့် ဓာတ်ငွေ့ဖြန့်ဖြူးမှုများရပ်ဆိုင်းသွားခဲ့သည်။ **(ယာပုံ)**

အကြမ်းဖက်သမားများသည် ယင်းသို့ဖောက်ခွဲပြီး ထိုနေရာမှ ထွက်ပြေးလွတ်မြောက်သွားသည့်အတွက် သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

31-3 (05).pmd 1 3/31/2012, 2:38 AM

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ပညာသင်ဆုစာမေးပွဲဖြေဆိုနေမှုများ ကြည့်ရှုအားပေး

နေပြည်တော် မတ် ၃၀

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့ နံနက် ၈ နာရီတွင် ဇမ္ဗူသီရိမြို့ နေပြည်တော် အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း၊ လယ်ဝေးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် ဒက္ခိဏသီရိမြို့နယ် နေပြည်တော် အမှတ် (၁၈) အခြေခံပညာ အထက်တန်းကျောင်းတို့၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ပညာသင်ဆုစာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

အလားတူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူနှင့်အဖွဲ့သည် ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ ဇေယျာသီရိမြို့ နေပြည်တော် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့ နေပြည်တော် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းနှင့် ဥတ္တရသီရိမြို့ နေပြည်တော် အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်းတို့၌ ပညာသင်ဆု စာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့်ကို တစ်နိုင်ငံလုံး အတိုင်းအတာအရ မြို့နယ်နှင့်မြို့နယ်ခွဲအလိုက် ယနေ့ နံနက်ပိုင်းတွင် အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင်အထွေထွေဗဟုသုတ ဘာသာရပ်ကိုလည်းကောင်း ကျင်းပပြီး မတ် ၃၁ ရက်တွင် အထက်တန်း ပညာသင်ဆု စာမေးပွဲ ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများအားရုပ်ပိုင်း၊ စိတ်ပိုင်းကျန်းမာကြံ့ခိုင်မှုများကို စစ်ဆေးသွားရန်ရှိကြောင်းနှင့် ပညာသင်ဆုအမျိုးအစားအလိုက် မြို့နယ်/မြို့နယ်ခွဲ တစ်ခုလျှင် ထူးချွန်ကျောင်းသား ကျောင်းသူ တစ်ဦးစီအား ရွေးချယ်ပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ သက်ဆိုင်ရာ အခြေခံပညာအဆင့်ပြီးဆုံးသည်အထိ လစဉ် ပညာသင်ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရှေ့နေချုပ်အား ရုရှားမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့တွေ့ဆုံ

နေပြည်တော် မတ် ၃၀

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်ထောင်စုမူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုထိန်းချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး H.E.Mr. Victor P.Ivanov ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့် ပထမအတွင်းဝန်တို့ လိုက်ပါလျက် ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် ဥပဒေရေးရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ (ဝဲပုံ) **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်အား ရုရှားမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့တွေ့ဆုံ

နေပြည်တော် မတ် ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်ထောင်စု မူးယစ်ဆေးဝါးတရားမဝင်သယ်ဆောင် ရောင်းဝယ်မှု ထိန်းချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး H.E. Mr. Victor P. Ivanov နှင့်အဖွဲ့သည် ယနေ့ညနေ ၄ နာရီခွဲတွင် ဒုတိယဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအကြား မူးယစ်ဆေးဝါးထိန်းချုပ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ပုလဲ-ဂန့်ဂေါ လမ်းပခုံးသား တိုးချဲ့နေမှု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် မတ် ၂၆ ရက် မွန်းလွဲပိုင်းတွင် ပုလဲ-ဂန့်ဂေါ ကျောက်ချောလမ်း ကတ္တရာခင်းနေမှုနှင့် လမ်းပခုံးသား တိုးချဲ့နေမှု **(အောက်ပုံ)**၊ ပုလဲမြို့နယ် ဝမ်းဘဲချိုင့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း မိဘစေတနာ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လယ်ဓမ္မကျေးရွာ ၅၅ မိုင်စခန်း ဒေသခံတောင်သူများအား တွေ့ဆုံ၍ ကန့်ဒေါင်ဆည်ရေဝင်မှုကို ကြည့်ရှုစစ်ဆေးသည်။

မတ် ၂၇ ရက် နံနက်ပိုင်းတွင် (၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မုံရွာမြို့ မြဝတီရပ်ကွက် အောင်သပြေလမ်း၊ သလ္လာရပ်ကွက် ဘုရင့်နောင်လမ်းနှင့် နတ်လူထိပ္ပန်ရပ်ကွက် ကြံ့တိုင်းအောင်စေတီလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ပြီး လမ်းသစ်များကို ဖြတ်သန်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၃-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၅:၂၀ MRTV-4 သတင်း
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၃၇)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၁၁၄)
၁၁:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့် လှစေသူ** (အပိုင်း-၂၉)
၂:၀၀ MRTV-4 သတင်း
၃:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၁၁၄)
၅:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့်လှစေသူ** (အပိုင်း-၃၀)
၆:၀၀ MRTV-4 သတင်း
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၃၈)
၈:၀၀ MRTV -4 သတင်း
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၁၁၅)

မြန်မာ့ဘောလုံးတိုးတက်ရေး စည်းဝေး

တောင်ကြီး မတ် ၃၀

မြန်မာ့ဘောလုံးတိုးတက်မြင့်မားရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ရှမ်းပြည်နယ်ဘောလုံးအဖွဲ့ချုပ်တို့ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ရှိ KBZ အားကစားကွင်းတွင် ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လောက်၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ညွန့်နှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်စတင်ဖွဲ့စည်းတည်ထောင်ချိန်မှ ယနေ့အထိ တိုးတက်ပြောင်းလဲမှုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသပြီး ပြည်နယ်ဘောလုံးအဖွဲ့ချုပ်မှ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ ကျင်းပရမည့် ဘောလုံးပြိုင်ပွဲများနှင့် သင်တန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသူများက မြန်မာ့ဘောလုံးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေး မေးမြန်းရာ အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကျွေးမွေးစရိတ်များ လှူဒါန်း

မတ် ၁၉ ရက်က အိမ်မဲမြို့ ရွှေအိမ်ရတနာဘိုးဘွားရိပ်သာသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ပိုးဇာဖြူငွေးအောင်နှင့် အဖွဲ့ဝင်များက ဆေးပဒေသာပင်နှင့် ကျွေးမွေးစရိတ်များကို လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

မြို့နယ်လုံးဆိုင်ရာ စုပေါင်းဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်လုံးဆိုင်ရာ စုပေါင်းဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ်များဓမ္မာရုံတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက သာသနာရေးဆိုင်ရာများလျှောက်ထားပြီး စာအောင်သံဃာတော်အပါး(၄၀)အား တာဝန်ရှိသူများက အောင်လက်မှတ်နှင့် ဝတ္ထုငွေများဆက်ကပ်ကြသည်။ ဆက်လက်၍ ဆရာတော်ကြီးများကို လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(၁၆၇)**

မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေများပေးအပ်

မိုင်းဆတ် မတ် ၃၀

ရှမ်းပြည်နယ် မိုင်းဆတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က အဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို မတ် ၂၃ ရက် မွန်းလွဲ ၁နာရီတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး သီရိရတနာခန်းမ၌ ကျင်းပရာ ဒေသခံတပ်နယ်မှဗိုလ်မှူးကြီး အောင်သူဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ကျော်က အဖွဲ့၏လုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေနှင့်ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းငါးထောင်နှုန်းဖြင့် အဖွဲ့ဝင် ၁၁၇ ဦးအတွက် ငွေကျပ် ၂၉၂၅၀၀၀ ကို ချီးမြှင့်ထောက်ပံ့ပေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်းမြောက်ပိုင်းရပ်ကွက်တွင် မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် မတ် ၂၂ ရက်က ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးခိုင် မှတ်ပုံတင်ကတ်ပြားများ တစ်ဦးချင်း ပေးအပ်စဉ်။ (၀၀၇)

ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေ ပေးဝေလျက်ရှိသည့် ဆည်တမံများ



ကျောက်တော်မြို့နယ်ရှိ စိုက်ပျိုးရေရရှိရေး အတွက် တည်ဆောက်ပေးထားသော ဗီးချောင်း ရေလှောင်တမံကို တွေ့ရစဉ်။ (အပေါ်ပုံ)

သီးနှံဧရိယာ ဧက(၅၀၀၀)ကျော်ကို စိုက်ပျိုးရေ ပေးဝေနေသော ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မှ ပြိုင်းချောင်းရေလှောင်တမံကို သာယာလှပစွာ တွေ့ရစဉ်။ (အပေါ်ဆုံးပုံ)

ဒေသခံပြည်သူများ သောက်သုံးရေရရှိရေးနှင့် စိုက်ပျိုးရေရရှိရေးတို့အတွက် တည်ဆောက်ပေးထား သည့် ဟင်းရွက်ရေလှောင်တမံကို တွေ့ရစဉ်။ (ယာပုံ)

စိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် အကျိုး ပြုလျက်ရှိသည့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အတွင်းရှိ ပြိုင်းချောင်းရေလှောင်တမံကို တွေ့ရစဉ်။ (အောက်ပုံ)

သတင်းမှတ်စု - မောင်ဖြိုးအေး

◆ ကျောဖုံးမှ

ရေလှောင်တမံ၏ အလျားသည် ပေ ၃၂၈၀၊ အမြင့် ၁၆၄ ပေ၊ ကန်ရေအပြည့် ရေလှောင်ပမာဏ ၄၆၃၀၀၀ ဧကပေ၊ ရေထုနှင့် လယ်မြေဧကစုစုပေါင်း ၉၆၀၀၀ ကို ပေးသွင်းဖြန့်ဝေပေးနိုင်မည် ဖြစ်သည့်အပြင် ရေအားလျှပ်စစ် (၇၄) မဂ္ဂါဝပ်ထုတ်လွှတ်ပေးနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကိုလည်း အတိုင်းအတာတစ်ခုအထိ ထပ်မံဖြည့်ဆည်းပေးသွားနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ ချမှတ်ရာတွင် နိုင်ငံတော်၏ စုစုပေါင်းလူဦးရေ ၇၀ ရာခိုင်နှုန်းဖြစ်သော ကျေးလက်နေ တောင်သူလယ်သမား၊ အလုပ်သမားများ၏ လူမှုစီးပွားဘဝနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် လယ်ယာကဏ္ဍသီးနှံစိုက်ပျိုးမှုအတွက် အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေအလုံအလောက်ရရှိရေးသည် မဖြစ်မနေဆောင်ရွက်ပေးရမည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ဤအချက်ကို အလေးထားပြီး ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းများတည်ဆောက်ပေးပြီး ယင်းမှရရှိသောရေများဖြင့် လယ်မြေဧကသိန်းပေါင်းများစွာ အကျိုးပြုနိုင်အောင် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း။

ထို့အတွက်ကြောင့် သဘာဝကပေးလာသော မိုးရေနှင့်မြစ်ချောင်းများမှ ရရှိသော ရေချိုများ ပင်လယ်ထဲသို့အလဟဿစီးဝင်နေစေမည့်အစား ယခုကဲ့သို့ တာတမံကြီးများတည်ဆောက်သိုလှောင်ထားခြင်းအားဖြင့် ဒေသခံပြည်သူများအတွက် လိုအပ်သောအချိန် လိုသကဲ့သို့ အကျိုးရှိစွာ အသုံးပြုနိုင်အောင် စီမံဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း။

မိမိတို့၏ မြန်မာနိုင်ငံကိုကျော်လွန်ပြီး ကမ္ဘာ့အခြေအနေကို ပြန်ကြည့်လျှင် လက်ရှိကမ္ဘာ့လူဦးရေမှာ သန်းပေါင်း (၇) ထောင်ကျော်ရှိနေပြီ ဖြစ်ပါကြောင်း၊ နေ့စဉ်နှင့်အမျှ တိုးပွားနေသည့် လူဦးရေအတွက်စားနပ်ရိက္ခာ တိုးတက်ထုတ်လုပ်စိုက်ပျိုးရန် လိုအပ်သကဲ့သို့ စိုက်ပျိုးထုတ်လုပ်နေသော်လည်း မရှိမဖြစ်ရေအရင်းအမြစ်ရရှိမှုမှာ ရာသီဥတုဖောက်ပြန်မှုနှင့်အတူ လူအများ၏ မဆင်မခြင်သုံးဖြုန်းမှုအပါအဝင်တို့ကြောင့် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းသည် ယခုအခါ ရေရှားပါးမှုနှင့်ရင်ဆိုင်နေရပြီဟု သိရှိရပါကြောင်း။

လာမည့် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ သုံးပုံနှစ်ပုံသည် သောက်သုံးရေ ရှားပါးမှုအန္တရာယ်နှင့် ကြုံတွေ့ရဖွယ်ရှိသည်ဟု ရေအရင်းအမြစ်ပညာရှင်များက ကြိုတင်တွက်ချက်သုံးသပ်ထားပြီးဖြစ်သည်ကို သိရှိစေလိုပါကြောင်း၊ ရေကိုအလဟဿ ဖြုန်းတီးနိုင်သောကာလကျော်လွန်ခဲ့ပြီဖြစ်ပြီး ရှိသည့်ရေကို အကျိုးရှိစွာ စီမံအသုံးချကြရမည့်ကာလသို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း။

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ မိုးခေါင်ရေရှားရပ်ဝန်းဒေသ တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ တချို့သော အရပ်ဒေသများ၌ သောက်သုံးရေ ရှားပါးလွန်းလှသည့်အတွက် "ရွှေမလို ငွေမလို ရေကိုသာလိုသည်" ဆိုပြီး တင်စားခေါ်ဆိုကြသည်အထိ သောက်သုံးရေအခက်အခဲရှိနေကြပါကြောင်း။

ထိုသို့ ရေရှားပါးခက်ခဲမှုဒဏ်ကြောင့် မိမိ၏ အသက်မွေးဝမ်းကျောင်း လယ်ယာ၊ ခြံ၊ သီးနှံစိုက်ပျိုးရေးလုပ်ငန်းများမှာ တိုးတက်အောင် မဆောင်ရွက်နိုင်ခြင်း၊ ကျန်းမာရေးအတွက် တစ်ကိုယ်ရေသန့်ရှင်း ဆောင်ရွက်နိုင်မှုနည်းပါးပြီး ရောဂါဘယထူပြောစေခြင်းစသော လူမှုစီးပွားဘဝနောက်ကျခဲ့ရခြင်းများသည်လည်း ရေရှားပါးမှုအခြေခံကြောင့်ပင် ဖြစ်နေပါကြောင်း။

ကမ္ဘာနှင့်အဝန်း တစ်စတစ်စရှားပါးလာသောရေကို မိမိတို့နိုင်ငံ၌ နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး ယခုကဲ့သို့ ရေလှောင်တမံ တည်ဆောက် စုဆောင်းထားပေးခြင်းဖြစ်သည့်အတွက် ရေကို အကျိုးရှိရှိ အသုံးချတတ်အောင် ကြိုးစားသွားကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။

တောင်သူလယ်သမားများအနေဖြင့်လည်း မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သော လယ်ယာစိုက်ပျိုးရေးတွင် မိုးစပါးအပြင် နွေစပါးပါ စိုက်ပျိုးနိုင်အောင်၊ လက်ရှိသမားရိုးကျမိရိုးဖလာ စိုက်ပျိုးနည်းလက်မှုလယ်ယာစနစ်မှ သိပ္ပံနည်းကျစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်နိုင်အောင် ယခင်ပုံမှန်ထွက်နှုန်း လယ်တစ်ဧက တင်း ၅၀၊ ၆၀ မှ အနည်းဆုံး ၂ဆ/၃ဆ ကျော် ထွက်ရှိနိုင်အောင် လေ့လာကြပြီး လိုအပ်သောမျိုးကောင်းမျိုးသန့်များ၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များနှင့်အတူ တခြားသီးနှံများကိုလည်း တစ်နှစ်ပတ်လုံး စိုက်ပျိုးလိုသော စိတ်ဓာတ်ထားရှိသွားကြရန် လိုအပ်လာပြီဖြစ်ပါကြောင်း။

မကြာခင်ဖွင့်လှစ်တော့မည့် ကြီးအုံကြီးဝရေလှောင်တမံမှ စုဆောင်းထားသောရေများသည် ဒေသခံတောင်သူလယ်သမားများ၊ ပြည်သူလူထုများအတွက်-

- သောက်သုံးရေ၊ စိုက်ပျိုးရေများကို လိုအပ်သလို လိုအပ်သောအချိန်၌ ရရှိနိုင်စေခြင်း၊
- ရာသီမရွေးသီးနှံအမျိုးမျိုး စိုက်ပျိုးနိုင်စေခြင်း၊
- ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး အထောက်အကူပြုနိုင်စေခြင်း၊
- ပခုက္ကူဒေသတွင် ယမန်နှစ်က ဖြစ်ပွားခဲ့သော ရေဘေးအန္တရာယ်မျိုးကို ကာကွယ်မှုပေးနိုင်စေခြင်းနှင့်
- မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် အထောက်အကူပြုခြင်းစသော အကျိုးကျေးဇူးများ ခံစားရရှိနိုင်မည်ဖြစ်ပါကြောင်း။

ထို့အပြင် ဤရေလှောင်တမံမှထွက်ရှိလာမည့် ရေအားလျှပ်စစ်သည်လည်း ဤဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသော လူမှုစီးပွားဘဝနှင့် လူနေမှုအဆင့်အတန်းကို တစ်ဟုန်ထိုးတိုးတက်ပြောင်းလဲသွားစေမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်သည့်အတွက် ဒေသအကျိုး၊ တိုင်းပြည်အကျိုး ဖွံ့ဖြိုးစေမည့်စီမံကိန်းကြီးဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်မှ ဘဏ္ဍာငွေမြောက်မြားစွာ အကုန်အကျခံ တည်ဆောက်ပေးထားသော ရေလှောင်တမံ လျှပ်စစ်ဓာတ်အားထုတ်လုပ်ငန်းကို ရေရှည်အကျိုးရှိစွာအသုံးပြုသွားနိုင်ရန် တာဝန်ရှိကြသူများနှင့် ဒေသခံပြည်သူပြည်သားများက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းပြောကြားလိုပါကြောင်း။

ဤကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းကြီးအောင်မြင်အောင် အဘက်ဘက်မှကြီးကြပ်စီမံ အကောင်အထည်ဖော်ပေးကြသော သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးမှ အာဏာပိုင်အဖွဲ့အစည်းများ၊ တည်ဆောက်ရေးပညာရှင်များနှင့် ဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော် နိုင်ငံသားများကိုယ်စား ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ကြီးအုံကြီးဝရေလှောင်တမံစီမံကိန်းမှ ဆည်ရေများကြောင့် ဒေသနေပြည်လူထုတစ်ရပ်လုံး -

- မိမိတို့၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ ယခင်ကထက် တိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် ပိုမိုကြီးပွားတိုးတက်ကြပါစေ၊
- "ရွှေငွေမလို ရေသာလိုသည့် ဘဝ" မှ ရေလည်းရ၊ ရွှေတွဲလွဲ၊ ငွေတွဲလွဲ ဘဝရရှိနိုင်ကြပါစေ၊
- ရေကုသိုလ်ကြောင့် ရေအကျိုးဆယ်ပါးကိုလည်း တစ်လုံးတစ်ခဲနှင့် ရနိုင်ယူနိုင်ကြပါစေ

ဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားရာတွင် ဤဆည်တာတမံဘက်စုံစီမံကိန်းကြီးသည် အစိုးရသစ်ကာလအတွင်း သုံးခုမြောက်အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့် စီမံကိန်းလုပ်ငန်းကြီးဖြစ်ပါကြောင်း။

ဤဘက်စုံစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၀၂-၂၀၀၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း တည်ဆောက်ရေးကာလ (၉)နှစ်ကြာအတွင်း အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

ဤကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းသည် မဲဇလီရေလွှဲဆည်မှတစ်ဆင့် မြေဧရိယာဧက ၉၆၀၀၀ ကျော်ကို လုံလောက်စွာဆည်ရေဖြည့်အထောက်အကူပြုနိုင်မည်ဖြစ်သည့်အတွက် မကွေးတိုင်းဒေသကြီးအတွင်း မင်းဘူး၊ ပွင့်ဖြူနှင့် စလင်းမြို့နယ်များမှ ကျေးရွာအုပ်စု ၄၄ အုပ်စု၊ ကျေးရွာပေါင်း ၁၈၁ ရွာနှင့် တောင်သူဦးရေပေါင်း ၂၉၉၉၂ တို့၏ လယ်မြေများတွင် မိုးစပါး၊ နွေစပါး၊ သီးထပ်သီးညှပ်များ ပိုမိုတိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်ပြီး ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကြီးမားစွာအထောက်အကူပြုဖြစ်ထွန်းခံစားရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

သားစဉ်မြေးဆက် အဆက်ဆက်တိုင်အောင် အကျိုးရရှိခံစားစေနိုင်တော့မည့် ဤရေလှောင်တမံဘက်စုံတည်ဆောက်ရေးစီမံကိန်းကြီးအား အမြော်အမြင်ကြီးမားလှစွာဖြင့် စတင်ချမှတ် ဆုံးဖြတ်အကောင်အထည်ဖော်ပေးခဲ့သော ယခင်အစိုးရကာလ နိုင်ငံ့ခေါင်းဆောင်များ၏ အမွေခံကောင်းအဖြစ်ထားရှိပေးခဲ့မှု ကျေးဇူးတရားကြီးမှုအပေါ်တွင် မိမိတို့မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာနှင့် ညီညွတ်စွာဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကိုယ်စားအနေဖြင့်လည်းကောင်း၊ ဤအကျိုးကျေးဇူးကို လက်တွေ့တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ခံစားရရှိနိုင်ကြရမည့် နိုင်ငံသားအားလုံးတို့၏ကိုယ်စား အထူးလှိုက်လှဲစွာဖြင့် ကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သော တပ်ဆင်စက်အင်အား (၇၄)မဂ္ဂါဝပ်ရှိသည့် ကြီးအုံကြီးဝ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် အစိုးရသစ်လက်ထက်တွင် ဒုတိယမြောက်ဖွင့်လှစ်သော ဓာတ်အားပေးစက်ရုံဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း၌ စလင်းမြို့နယ်ရှိ မုန်းချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံဖွင့်လှစ်ပြီးနောက်ပိုင်း ဒုတိယမြောက်ဖွင့်လှစ်သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံလည်း ဖြစ်ပါကြောင်း။

ကြီးအုံကြီးဝ ရေလှောင်တမံဘက်စုံစီမံကိန်းတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရေအားလျှပ်စစ်ဆိုင်ရာ စက်မှုလျှပ်စစ်တပ်ဆင်ရေးလုပ်ငန်း၌ ပါဝင်ကူညီ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မဟာဓာတ်အားလိုင်းစနစ်သို့ ပို့လွှတ်မည့် ဓာတ်အားပေးစက်ရုံဖြစ်သည့်အတွက်

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်း ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စက်ရုံဖွင့်လှစ်ပြီးနောက်ပိုင်းတွင် စက်ရုံ၏ ဓာတ်အားထုတ်လုပ်မှု၊ ထိန်းသိမ်းမှု၊ စက်မောင်းနှင်မှုဆိုင်ရာ ကိစ္စရပ်များကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ယနေ့ဖွင့်လှစ်သော ကြီးအုံကြီးဝ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအပါအဝင် နိုင်ငံတော်တွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၁၈) ရုံ၊ တီကျစ် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ (၁)ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ (၁၅) ရုံ၊ စုစုပေါင်း ဓာတ်အားပေးစက်ရုံ (၃၄) ရုံ ရှိလာပြီဖြစ်ပြီး စုစုပေါင်း လျှပ်စစ်စက်တပ်ဆင်အား (၃၄၃၄) မဂ္ဂါဝပ်အထိ ရှိလာပြီဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော တပ်ဆင်စက်အင်အား (၆၀) မဂ္ဂါဝပ်ရှိ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည်လည်း မကြာမီဖွင့်လှစ်တော့မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် ယခင်က မကွေးတိုင်းဒေသကြီးအတွင်း ဖွင့်လှစ်

ခဲ့သော ရေလှောင်တမံများသည် စိုက်ပျိုးရေပေးဝေရေးအတွက်သာဖြစ်ခဲ့ပြီး ယခုဖွင့်လှစ်သည့် ကြီးအုံကြီးဝရေလှောင်တမံနှင့် ၂၀၀၅ ခုနှစ်အတွင်းက ဖွင့်လှစ်ခဲ့သည့် စေတုတ္တရာမြို့နယ်မှ မုန်းတမံတို့သည် ရေအားလျှပ်စစ်ထုတ်လုပ်မှုပါဝင်သည့်အတွက် ဘက်စုံရေလှောင်တမံအဖြစ် တည်ဆောက်ပေးခြင်းဖြစ်ပါကြောင်း။

မကွေးတိုင်းဒေသကြီး၌ ထိန်းသိမ်းရေးဆည်/ကန်ပေါင်း (၅၇) ခု၊ ဆည်မြောင်းဌာနမှ မထိန်းသိမ်းရသေးသည့် ဆည်/ကန် (၃)ခု၊ ဆည်ငယ်/ကန်ငယ် (၁၁၀၂) ခု၊ လျှပ်စစ်မြစ်ရေတင် (၃၀) ခုတို့နှင့် မိုးစပါးစိုက်ဧက သုံးသိန်းခြောက်သောင်းကျော်၊ နွေစပါးစိုက်ဧက တစ်သိန်းငါးသောင်းကျော်ကို စိုက်ပျိုးလျက်ရှိသကဲ့သို့ ရေသောက်ဧရိယာအတွင်း စပါးစိုက်ပျိုးနိုင်ခြင်းမရှိသည့် ယာမြေများအတွက်လည်း ဖြည့်စွက်ရေပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်၏ စေတနာဖြင့် တည်ဆောက်ပေးခဲ့သည့် ဆည်/ကန်များ၊ ဘက်စုံရေလှောင်တမံများ၏ အကျိုးကျေးဇူးကို ပြည်သူများ၊ တောင်သူလယ်သမားကြီးများက တိုက်ရိုက်သိရှိခံစားနေရပြီဖြစ်သကဲ့သို့ သားစဉ်မြေးဆက်တန်ဖိုးမဖြတ်နိုင်သော စီးပွားရေးအထောက်အကူပြု အမွေအနှစ်များဖြစ်သည်နှင့်အညီ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း ဒေသခံပြည်သူများတွင် တာဝန်ရှိသကဲ့သို့ တာဝန်လည်းခံပြီး ထိန်းသိမ်းသွားပါမည်ဟု တိုင်းဒေသကြီးမှ ပြည်သူများကိုယ်စား တင်ပြလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ကြီးအုံကြီးဝရေလှောင်တမံ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်[...] မင်း၊ ဦးခင်ရီ၊ ဦးအေးမြင့်နှင့် မကွေးတိုင်းဒေသ[...] ရွှေတို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အ[...] သည်။

ယင်းနောက် ကြီးအုံကြီးဝရေလှောင်တ[...] ဦးမြင့်လှိုင်၊ ဦးဇော်မင်းနှင့် မကွေးတိုင်းဒေသကြီး [...] ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရေလှောင်တမံဖွင့်ပွဲအထိမ်း[...] ဒေါက်တာစိုင်းမောက်ခမ်းသည် တက်ရောက်လာ[...] ဒေသခံများနှင့်စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ[...]

ယင်းနောက် ကြီးအုံကြီးဝ ရေအားလျှပ်[...] အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မ[...] က ဓာတ်အားပေးစက်ရုံ ကမ္ပည်းကျောက်စာတိုင်[...] အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်[...] မင်း၊ ဦးခင်ရီနှင့် ဦးအေးမြင့်တို့က ကမ္ပည်းကျော[...] ပက်ဖျန်းပေးကြသည်။

ယင်းနောက် ရေအားလျှပ်စစ်ဓာတ်အား[...] ဝန်ကြီးများဖြစ်ကြသည့် ဦးမြင့်လှိုင်၊ ဦးဇော်မင်းနှ[...] ဦးဘုန်းမော်ရွှေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး[...]

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာ[...] လျှပ်စစ်စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွ[...] ဒုတိယသမ္မတသည် စက်အမှတ်(၂)ကို စက်ခလု[...] သည်။

ယင်းနောက် ဒုတိယသမ္မတအား ဓ[...] လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝ[...] လျှပ်စစ်ဓာတ်အားပမာဏနှင့် စက်လည်ပတ်မှု[...] ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် စက်ရုံစီမံကိ[...] ဖြင့် အစွမ်းကုန် ကူညီဆောင်ရွက်ပေးခဲ့ကြသည့်[...] ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်အဖြစ် သ[...] အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များ[...] ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးနှင့် အမွှေးနံ့သာတိုင်[...] ကြပြီး စေတီတော်အား လှည့်လည်ဖူးမြော်ကြ[...]

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးဇော်မင်းနှင့် မကွေးတိုင်းဒေသကြီးဝန်ကြီ[...] ကြီးအုံကြီးဝ ရေအားလျှပ်စစ်ဓာတ်အားပေးစက[...] ပေးစဉ်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များ[...] တည်ဆောက်ထားမှုကို ကြည့်ရှုပြီး ရေယူအဆော[...] အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်တွင[...] လင်းပြည့်က ကြီးအုံကြီးဝဘက်စုံရေလှောင်တမံ[...] အားပေးစက်ရုံသို့ Sky Net ရုပ်သံဖမ်းစက်ခြေ[...] ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦး[...]

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်မျာ[...] ပြန်လည်ထွက်ခွာလာကြပြီး မကွေးလေဆိပ်မှတ[...] ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြ[...] ကြသည်။

ယခု ဖွင့်လှစ်လိုက်သည့် ကြီးအုံကြီးဝရေ[...] ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အား[...] ဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်း မ[...] ၅ မိုင်ခန့်အကွာ မုန်းချောင်းရေလှောင်တမံစီမံ[...] မိုင်ခန့်အကွာရှိ ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်[...] ရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားအတွက် ထု[...] နှင့် ရေလှောင်တမံနှစ်ခုအကြားမှ စီးဆင်းနေ[...]

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြင့်လှိုင်၊ ဦးဇော်မင်း၊ ဦးခင်ရီ၊ ဦးအေးမြင့်နှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။

ယင်းနောက် ကြီးအုံကြီးဝရေလှောင်တမံကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးဇော်မင်းနှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရေလှောင်တမံဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တက်ရောက်လာကြသော ဧည့်သည်တော်များ၊ ဒေသခံများနှင့်စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ကြီးအုံကြီးဝ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ဓာတ်အားပေးစက်ရုံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမြင့်လှိုင်၊ ဦးဇော်မင်း၊ ဦးခင်ရီနှင့် ဦးအေးမြင့်တို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြင့်လှိုင်၊ ဦးဇော်မင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ရေအားလျှပ်စစ်စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ဒုတိယသမ္မတသည် စက်အမှတ်(၂)ကို စက်ခလုတ်နှိပ် မောင်းနှင်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတအား ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက စက်ရုံမှ ထုတ်လုပ်သောလျှပ်စစ်ဓာတ်အားပမာဏနှင့် စက်လည်ပတ်မှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် စက်ရုံစီမံကိန်းတွင် ကိုယ်အားဉာဏ်အားဖြင့် အစွမ်းကုန် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် တရုတ်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်အဖြစ် သစ်သီးခြင်းများကိုပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆည်တော်ဦးစေတီတွင် ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးနှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းပူဇော်ကြပြီး စေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းနှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့ ကြီးအုံကြီးဝ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရှုရပ်မှ ရေလှောင်တမံတည်ဆောက်ထားမှုကို ကြည့်ရှုပြီး ရေယူအဆောက်အအုံ (Power Intake) အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်တွင် ရွှေသံလွင်ကုမ္ပဏီမှ ဦးတင်လင်းပြည့်က ကြီးအုံကြီးဝဘက်စုံရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ Sky Net ရုပ်သံဖမ်းစက်ခြောက်စုံကို ပေးအပ်လှူဒါန်းရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က လက်ခံသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြပြီး မကွေးလေဆိပ်မှတစ်ဆင့် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ယခု ဖွင့်လှစ်လိုက်သည့် ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်း ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်း မဲဇလီရေလွှဲဆည်၏ အထက် ၅ မိုင်ခန့်အကွာ မုန်းချောင်းရေလှောင်တမံစီမံကိန်း၏ အောက်ဘက် ၁၅ မိုင်ခန့်အကွာရှိ ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်တွင် တည်ရှိသည်။ မုန်းချောင်းရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားအတွက် ထုတ်လွှတ်လိုက်သည့် ရေများနှင့် ရေလှောင်တမံနှစ်ခုအကြားမှ စီးဆင်းနေသည့် ရေများကို စုပေါင်း သိုလှောင်၍ ရေအားလျှပ်စစ် (၇၄) မဂ္ဂါဝပ်ထပ်မံထုတ်လွှတ်နိုင်မည်ဖြစ်သည်။

သိုလှောင်ပြီးရေများကို ထိန်းညှိထုတ်လွှတ်ပေး၍ လက်ရှိတည်ဆောက်ပြီးဖြစ်သော မဲဇလီရေလွှဲဆည်မှတစ်ဆင့် လယ်မြေဧက ၉၆၀၀၀ အား မိုးစပါးအတွက် ရေအလုံအလောက် ပေးဝေနိုင်တော့မည်ဖြစ်သည်။

ထို့အပြင် သီးထပ်အဖြစ် နွေစပါးဧက ၇၄၀၀၀ ဧကထက် ပိုမိုတိုးချဲ့ ရေပေးဝေနိုင်မည်ဖြစ်ပြီး ဒေသတွင်း စိမ်းလန်းစိုပြည်ရေးအတွက် များစွာ အထောက်အကူပြုလာနိုင်မည်ဖြစ်သည်။

ကန်ရေပြည့် ရေလှောင်ပမာဏ ၄၆၃၀၀၀ ဧကပေ၊ ကန်ရေသေ ရေလှောင် ပမာဏ ၃၅၃၅၀ ဧကပေရှိပြီး ကန်ရေပြည့်ရေပြင်ကျယ် ဧရိယာမှာ ၁၀၈၆၀ ဧက ရှိသည့် ကြီးအုံကြီးဝ ရေလှောင်တမံသည် ဇုန်တမံအမျိုးအစား ဖြစ်ကာ တမံအလျား ၃၂၈၀ ပေ၊ တမံအမြင့် ၁၆၄ ပေရှိသည်။

သံကူကွန်ကရစ် (Ogee Type) ရေပိုလွှဲအမျိုးအစားဖြစ်သည့် အဆိုပါ ရေလှောင်တမံသည် ၂၀၀၂-၂၀၀၃ ခုနှစ်မှ စီမံကိန်းစတင်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ခုနှစ်တွင် စီမံကိန်းအကောင်အထည်ဖော်အောင်မြင်ပြီးဆုံးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

❒ ***ကျောဖုံးမှ***

လျက်ရှိသည့် ကျောင်းသားဦးရေနှင့် စာသင်ဆောင်များ ဆောက်လုပ်ပြီးစီးမှု၊ မကွေးဆေးတက္ကသိုလ်မှ အလုပ်သင်ဆရာဝန်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများအလိုက် တာဝန်ချထားပေးမှု၊ ကျောင်းသား ကျောင်းသူများအား ကြို၊ ပို့ယာဉ်များဖြင့် ပို့ဆောင်ပေးမှု၊ IT နည်းပညာ သင်ကြားပေးနေမှု၊ ဆရာဝန်မှတ်ပုံတင် ထုတ်ပေးရေး မွမ်းမံသင်တန်းဖွင့်လှစ်မှု၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် တက္ကသိုလ်၏ လိုအပ်ချက်များကို တင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဘဏ္ဍာနှစ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့်လျာထားချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ အမှာစကားပြောကြားရာတွင် မိမိတို့ အစိုးရအဖွဲ့ဝင်များ ယခုကဲ့သို့ လာရောက်ခြင်းသည် မကွေးဆေးတက္ကသိုလ်၏ တိုးတက်ဖြစ်ထွန်းမှုများ၊ စာသင်ကြားမှု အခြေအနေများနှင့် ဝန်ထမ်းများ၏ လုပ်ငန်းလုပ်ဆောင်နေမှု အခြေအနေများကို သိရှိနိုင်ရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

မကွေး ဆေးတက္ကသိုလ်သည် ၂၀၀၁ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သဖြင့် ယခုဆိုလျှင် တက္ကသိုလ်သက်တမ်း ၁၁ နှစ်ရှိပြီး နောက်ဆုံးဖွင့်လှစ်ခဲ့သည့် ဆေးတက္ကသိုလ် တစ်ခုဖြစ်ကြောင်း၊ တက်ရောက်ပညာသင်ကြားသည့် ကျောင်းသား ကျောင်းသူဦးရေ ၂၃၀၀ ကျော်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လာရောက် ပညာသင်ကြားကြသူများဖြစ်၍ ပြည်ထောင်စုဆေးတက္ကသိုလ် တစ်ခုအဖြစ် တည်ရှိနေခြင်း ဖြစ်ကြောင်း။

မကွေး ဆေးတက္ကသိုလ်သို့ လာရောက်ပညာသင်ကြားကြသည့် မွန်၊ ပဲခူး၊ စစ်ကိုင်း၊ ကချင်၊ ရှမ်း အစရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့ဒေသနှင့် နီးကပ်သော ဆေးတက္ကသိုလ်များ၌ မတက်ရောက်ရဘဲ မကွေးဆေးတက္ကသိုလ်သို့ လာရောက်ပညာသင်ကြားရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိဘများနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရကျိုးနပ်စေရေး၊ ကျောင်းသူ ကျောင်းသားများ၏ လူမှုရေးဆိုင်ရာကိစ္စရပ်များ အဆင်ပြေစေရေး၊ ဤဆေးတက္ကသိုလ်တွင် ပညာသင်ကြားရခြင်းအတွက် ဂုဏ်ယူသည့် စိတ်ဓာတ်များဖြစ်ပေါ်လာစေရေးတို့အတွက် ဆရာ ဆရာမများက ကောင်းမွန်သော ပညာသင်ကြားမှုနည်းစနစ်များဖြင့် သင်ကြားပေးကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း လိုအပ်သည့် အထောက်အကူပစ္စည်းများ ပိုမိုဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ပံ့ပိုးကူညီ

တက္ကသိုလ်များတွင် ကျောင်းသားကျောင်းသူများ အဆောင်နေခွင့်မရရှိသေးသော်လည်း မကွေးဆေးတက္ကသိုလ်တွင် ကျောင်းသားကျောင်းသူများ သက်သောင့်သက်သာဖြင့် ပညာသင်ကြားခွင့်ရရှိစေရန်မည်သို့ ဆောင်ရွက်ပေးနိုင်မည်ကို နည်းလမ်းကြံဆဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဤတက္ကသိုလ်၏ ထူးခြားကောင်းမွန်သည့် ဆွဲဆောင်မှုမျိုးဖြင့် တက္ကသိုလ်၏ ဂုဏ်သတင်းကို မြှင့်တင်နိုင်မည်ဖြစ်သကဲ့သို့ နေပျော်သည့် ပတ်ဝန်းကျင်အဖြစ် ဖန်တီးပေးထားရန်လိုအပ်ကြောင်း၊ ကျောင်းသားကျောင်းသူများ၏ လူမှုရေးလိုအပ်ချက်များကို တက္ကသိုလ်မှ တာဝန်ရှိသူများအပြင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရပါကြောင်း။

ကျောင်းသား ကျောင်းသူများအတွက် ပို့ကြို ဆောင်ရွက်ပေးနေသည့် မော်တော်ယာဉ်များကိုလည်း ယခုထက်ပို၍ သင့်တော်လုံခြုံ စိတ်ချရသော ယာဉ်များဖြင့် ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဌာနများဖြင့် ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း။

ဆေးတက္ကသိုလ် တစ်ခု၏ အောင်မြင်မှုသည် တက္ကသိုလ်ရှိ Facilities များ၊ စီမံအုပ်ချုပ်သော ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၏ ပညာအရည်အသွေးနှင့် စေတနာပေါ်တွင် များစွာတည်မှီနေသကဲ့သို့ ကျောင်းသား ကျောင်းသူများ၏ ကြိုးစားသင်ယူမှု၊ လေ့လာအားထုတ်မှုများအပေါ်တွင်လည်း များစွာမူတည်နေကြောင်း၊ ဤအချက်များနှင့် ပြည့်စုံသည့် တက္ကသိုလ်များမှ မွေးထုတ်လိုက်သော ကျောင်းသား ကျောင်းသူများသည် နောင်တစ်ချိန်တွင် တိုင်းပြည်၏ ကျန်းမာရေးကဏ္ဍတွင် အားကိုးအားထားပြုရမည့် ဆရာဝန်များဖြစ်လာမည်ဖြစ်ကြောင်း။

ဆရာ ဆရာမများအနေဖြင့် သာမန် သင်ကြားနည်းစနစ်များဖြင့် သင်ကြားပေးသည်ထက် ကျောင်းသား ကျောင်းသူများကိုယ်တိုင်ရှာဖွေလေ့လာသင်ယူတတ်သည့် အလေ့အကျင့်များ စွဲမြဲစေအောင် ပြုစုပျိုးထောင်ပေးမှသာ နောင်တစ်ချိန်တွင် တိုင်းပြည်အတွက် အားထားရမည့် ပညာရှင်များဖြစ်လာမည်ဖြစ်ကြောင်း။

ကြိုတင်ပြင်ဆင်

၂၀၁၅ ခုနှစ်တွင် ရောက်ရှိလာမည့် အာဆီယံ ပေါင်းစည်းဒေသ ပေါ်ပေါက်လာချိန်တွင် အသက်မွေးဝမ်းကျောင်းပညာရှင်များ လွတ်လပ်စွာစီးဝင်လာမည်ဖြစ်၍ ပြင်ပနိုင်ငံမှ ပညာရှင်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် သင်ကြားလေ့ကျင့်ပေးသွားရမည်ဖြစ်ကြောင်း၊ အခြားတိုင်းပြည်များက ဆေးရုံ၊ ဆေးတက္ကသိုလ်များ လာရောက် ဖွင့်လှစ်ချိန်တွင် မိမိတို့ ကျောင်းသား ကျောင်းသူများသည် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဆေးပညာရှင်များအဖြစ် အဆင်သင့်ဖြစ်နေစေရန် ကြိုတင်ပြင်ဆင်သင်ကြားမှုများဖြင့် သင်ကြားပေးသွားရန် လိုအပ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ဆရာ ဆရာမများကလည်း ကျောင်းသား ကျောင်းသူများအား ကိုယ့်အားကိုယ်ကိုးတတ်သည့် အားကိုးနိုင်သည့် အမှန်တကယ် တတ်ကျွမ်းသော ဆရာဝန်ကောင်းများ ဖြစ်လာစေရေး ကြိုးပမ်း ဆောင်ရွက်ပေးသွားကြရန် အလေးအနက် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီမှ ဦးတင်လင်းပြည့် Amazing Hotel Group မှ ဦးအောင်မျိုးမင်းဒင်နှင့် ချန်လုံကျောက်မျက်ကုမ္ပဏီမှ ဦးကျော်နိုင်တို့က ကွန်ပျူတာအလုံး ၅၀ ကိုလည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီ၏ Sky Net ရုပ်သံဖမ်းစက် ၁၀ စုံကိုလည်းကောင်း မကွေးဆေးတက္ကသိုလ်သို့ အသီးသီးပေးအပ်လှူဒါန်းကြရာ ပါမောက္ခချုပ် ဒေါက်တာဝင်းမြတ်အေးက လက်ခံသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် ခရီးစဉ်တွင် အတူလိုက်ပါလာကြသော ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မကွေး မြသလွန် စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို ကန်တော့ကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြကာ စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း မကွေးဆေးတက္ကသိုလ် ဘွဲ့လွန်သုတေသန ခွဲစိတ်ခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယသမ္မတသည် စေတီတော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းအား စေတီတော်ဂေါပကအဖွဲ့ရုံး၌ မကွေးတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးအုန်းလွင်က မဟာအတုလရံသီ တန်ဆောင်း (အသစ်) တည်ဆောက်မှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ဒုတိယ သမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ယနေ့ နံနက်ပိုင်းတွင် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များက အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်ရှိ ပညာသင် ကျောင်းသား ကျောင်းသူ ၁၉၈ ဦး အတွက် ကျောင်းဝတ်စုံစရိတ် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အားပေးရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဇော်မင်း၊ ဦးခင်ရီနှင့် ဦးအေးမြင့်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဗိုလ်ချုပ်ဇော်ဝင်း၊ ဦးကျော်လွင်၊ ဦးအောင်သန်းဦး၊ ဦးဘရွှေနှင့် ဒေါက်တာဝင်းမြင့်၊ အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေသံလွင်ကုမ္ပဏီ Amazing Hotel Group၊ ချန်လုံ ကျောက်မျက်ကုမ္ပဏီတို့က ကျောင်းဝတ်စုံစရိတ် ထောက်ပံ့ငွေကျပ်သိန်း ၅၀ ကို ပေးအပ်ကြရာ စစ်ဦးစီးမှူး(ပထမတန်း)(ဦး၊ ရေး၊ ထောက်)က လက်ခံပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းဆင်း

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ တန်းမြင့်မြေတိုင်းပညာ သင်တန်းအမှတ်စဉ်(၁၆)နှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ်(၃၃) သင်တန်းဆင်းပွဲကို မတ် ၃၀ ရက် နံနက် ၉ နာရီကကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းများတွင် အခြေခံမြေတိုင်း၊ တန်းမြင့်မြေတိုင်းနှင့် ခေတ်မီမြေတိုင်းဘာသာရပ်များအပြင် ကွန်ပျူတာအသုံးပြု စာရင်းအင်းနည်းပညာများကို လေ့ကျင့်သင်ကြားပေးခဲ့ကြောင်းနှင့် ကွင်းပေါင်း ၁၅ ကွင်းကို ကွင်းဆင်းတိုင်းတာပြီး မြေကြီးမြေပုံနှင့်မြေစာရင်း မှန်ကန်ရေးလုပ်ငန်းများကို လက်တွေ့ကွင်းဆင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃၀

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းသည် မတ် ၂၄ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကူမဲမြို့မှ ၂၁ မိုင်ခန့်အကွာရှိ ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကိုသွားရောက် ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် စက်ရုံဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ထမ်းတိုင်း လုပ်ငန်းစွမ်းဆောင်မှုအရည်အသွေး တိုးတက်အောင် အမြဲတမ်းလေ့ကျင့်ဆောင်ရွက်ကြရေးနှင့် စက်စွမ်းအားပြည့် မောင်းနှင်နိုင်ရေးအတွက် ဓာတ်အားပေးစက်များကြံ့ခိုင်ရေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပင်မတမံအတွင်းရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေထိန်းတံခါး ကြံ့ခိုင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ရေပိုလွှဲနှင့်ရေယူအဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် စက်တပ်ဆင်အင်အား ၅၆ မဂ္ဂါဝပ်ရှိပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၁၆၅သန်းကို နိုင်ငံတော်ဓာတ်အားကွန်ရက်စနစ်အတွင်းသို့ ထုတ်လုပ်မောင်းနှင်ပေးလျက်ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံဖြစ်သည်။ **(သတင်းစဉ်)**

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ မော်လမြိုင်မြို့၌ကျင်းပ

နေပြည်တော် မတ် ၃၀

၂၀၁၂ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့်ပြခန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာလှဦးက ဖတ်ကြားသည်။

ယင်းနောက် ၂၀၁၁ ခုနှစ် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပထမဆုရ ဘီးလင်းမြို့နယ်၊ ဒုတိယဆုရ မော်လမြိုင်မြို့နယ်နှင့် တတိယဆုရ သထုံမြို့နယ်တို့အား ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ ၂၀၁၁ ခုနှစ် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ထူးချွန်ဆုရရှိသည့် ဓာတ်ခွဲဌာနများအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြပြီး အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

အောင်ပန်း မတ် ၃၀

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဟောပြောပွဲကို မတ် ၈ ရက် မွန်းလွဲ ၂ နာရီခွဲက အောင်ပန်းမြို့ မိုးကောင်းကျောင်းတိုက်ဓမ္မာရုံ၌ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အောင်ပန်းမြို့မှ ဦးစီးမှူး ဒေါ်ကော်ကော်မြင့် **(အပေါ်ပုံ)**က စည်းကမ်းထိန်းသိမ်းရေးကဏ္ဍမှ လမ်းအသုံးပြုသူများလိုက်နာရန် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနှင့်ဆိုင်ကယ်စီးသူများလိုက်နာရမည့် စည်းကမ်း၊ ယာဉ်တိုက်ခိုက်မှုဖြစ်ပွားသည့် အကြောင်းအရာများကို ဟောပြောသည်။ အခမ်းအနားသို့ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းရင်းသူများ၊ အောင်ပန်း (၁၂) ရပ်ကွက်မှ ရပ်ကွက်သူများတက်ရောက်ခဲ့ကြပြီး တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရှိရသည်။ **(ကညန)**

လှိုင်သာယာမြို့နယ်၌ အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုး

ရန်ကုန် မတ် ၃၀

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၂၆)ရပ်ကွက် ကျန်စစ်သားလမ်းရှိ နေအိမ်များတွင် အစုလိုက် ဝက်သက် ကာကွယ်ဆေးထိုးလုပ်ငန်း ၂၀၁၂ အသက် ကိုးလမှ အသက် ငါးနှစ်အတွင်း ကလေးငယ်များအား ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ဝက်သက်ကာကွယ်ဆေးထိုးခြင်းကို မြို့နယ်ကျန်းမာရေးမှူးဒေါ်ခင်ရူပါစိုးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက် ကြကြောင်း သိရှိရသည်။ **(၀၃၃)**

မိုးပွင့်အဆင့် (၂)စီမံချက် ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ ဆောင်ရွက်

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တွင် မိုးပွင့်အဆင့်(၂)စီမံချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်ကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးရဲထွန်းဦး၊ အနောက်ပိုင်းခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးယဉ်ထွေးနှင့်အဖွဲ့သည် မတ် ၁၉ ရက် ညနေ ၄ နာရီက အမှတ်(၃၃) ရပ်ကွက် ငါးမာရ်အောင်ဘုရားကြီးဓမ္မာရုံ၌မိုးပွင့်အဆင့်(၂)ကွင်းဆင်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် တာဝန်ရှိသူများက ပြည်သူများ၏လက်ဝယ်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၃၀နှင့် အိမ်ထောင်စုစာရင်း ၄၈ စောင်တို့ကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် လဝက)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၃၀

စာအုပ်လှူဒါန်းပွဲ လှည်းကူးမြို့နယ်၌ ကျင်းပ

စာဖတ်ရှိန်မြှင့်တင်ရေးဆုပေးပွဲနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မင်းလွင်ကုန်းစံပြကျေးရွာဓမ္မာရုံ၌ မတ် ၂၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဒေါ်စန်းစန်းနွယ်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေကစာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်အရ စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲများတွင် ပထမဆုရရှိသူများကို ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ်ကလည်းကောင်း**(အပေါ်ပုံ)**၊ ဒုတိယဆုရရှိသူများကို ရန်ကုန်တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေကလည်းကောင်း၊ တတိယဆုရရှိသူများကိုဒေသခံတပ်နယ်မှ ဗိုလ်မှူးဖြိုးမင်းသန့်ကလည်းကောင်း၊ နှစ်သိမ့်ဆုရရှိသူများကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာဦးကလည်းကောင်း ချီးမြှင့်ပေးကြသည်။ ဆက်လက်၍ အလှူရှင်များက စာအုပ်၊ စာစောင်များနှင့်အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

သုံးခွမြို့နယ်၌ ရောင်ခြည်ဦးစာကြည့်တိုက်ဖွင့်

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် စပါယ်ချောင်းကျေးရွာအုပ်စု ညောင်လေးပင်ကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၃ ရက် နံနက် ၈ နာရီက ကျင်းပရာ သုံးခွမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ထွေး၊ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ***(အောက်ပုံ)***

ပေးအပ်လှူဒါန်း

ဆက်လက်၍ သုံးခွမြို့နယ်အုပ်ချုပ်ရေးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာဖတ်ရှိန်မြှင့်မားရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအကြောင်း ဟောပြောကြသည်။ ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက စာအုပ်စာစောင် ၁၀၀၊ မြို့နယ်အုပ်ချုပ်ရေးမှူးက စာအုပ်စာစောင် ၁၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မညိုက စာအုပ်စာစောင် ၁၀၀၊ စပါယ်ချောင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမိသားစုက အလှူငွေကျပ်တစ်သိန်းနှင့်စာအုပ်စာစောင်များ၊ ဦးမောင်မြင့်မိသားစု(ရွှေကျားကြာဆံစက်)က အလှူငွေကျပ် ငါးသောင်း နှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

အဆိုပါရောင်ခြည်ဦးစာကြည့်တိုက်သည် နိုင်ငံတော်မတည်ငွေကျပ် ၁၀သိန်း၊ ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ် ၁၀သိန်းဖြင့် တည်ဆောက်ထားသော အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ခုနစ်ပေရှိ အုတ်ကာ၊ သွပ်မိုး၊ တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

မြန်မာ့အလင်း မှု ခင်း သ တင်း

ဆိုင်ကယ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်၊ တစ်ဦးသေဆုံး

ရေး မတ် ၃၀

မွန်ပြည်နယ် ရေးမြို့တွင် မတ် ၂၃ ရက် နံနက် ၁၁နာရီခွဲက အဘော်ကျေးရွာနှင့် ရေးမြို့သို့သွားသောလမ်းပေါ်တွင် အဘော်ရွာမှရေးမြို့သို့မောင်းနှင်သည့် Wave -100 အပြာရောင်ဆိုင်ကယ်နှင့် ရေးမြို့မှအဘော်ရွာဘက်သို့ မောင်းနှင်လာသော Wave-125 ပုလဲရောင်ဆိုင်ကယ်တို့သည် အဘော်ကျေးရွာအုပ်စု မွေးမြူရေးဇုန်ဝါးတားဂိတ်အနီး၌ မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါဖြစ်ပွားမှုတွင် ပုလဲရောင်ဆိုင်ကယ်မောင်းနှင်သူမှာ ဖြစ်ပွားသည့်နေရာတွင်ပင် သေဆုံးသွားခဲ့ပြီး အပြာရောင် ဆိုင်ကယ်မောင်းနှင်သည့် အမျိုးသားနှင့် ဆိုင်ကယ်နောက်မှစီးလာသူ အမျိုးသမီးနှစ်ဦးတို့မှာလည်း ဒဏ်ရာရရှိခဲ့သည့်အပြင် အနီးအနားတွင်ရှိသော လူနှစ်ဦးတို့အား ဆက်လက်တိုက်မိသဖြင့် ဒဏ်ရာများရရှိခဲ့သည်။ အဆိုပါ သေဆုံးသူမှာ အမည်မသိ အမျိုးသားတစ်ဦးဖြစ်ပြီး သက်ဆိုင်ရာမှ ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရှိရသည်။ **နေမျိုးထွဋ်(ရေး)**

ကားအရှိန်လွန်ပြီး လျှပ်စစ်မီးတိုင်ဝင်တိုက်

တာချီလိတ် မတ် ၃၀

မတ် ၂၄ ရက် နံနက် ၂ နာရီ မိနစ် ၄၀ခန့်က ယာဉ်မောင်းအိုက်ခမ်း အသက်(၁၇)နှစ် (ဘ) ဦးရန်ဆုကွေ့သည် တိုယိုတာမတ်တူးအမျိုးအစား မော်တော်ယာဉ်ကို တာချီလိတ်မြို့ ဗိုလ်ချုပ်လမ်းမကြီးအတိုင်း အရှိန်ပြင်းစွာဖြင့် မောင်းနှင်လာခဲ့ရာ အခြေခံပညာအထက်တန်းကျောင်း (မကာဟိုခမ်း) ရှေ့အရောက်၌ အရှိန်မထိန်းနိုင်ဘဲ ပလက်ဖောင်းကိုကျော်လွန်သွားပြီး လမ်းဘေးရှိ လျှပ်စစ်မီးတိုင်ကို ဝင်ရောက်တိုက်မိသဖြင့် လျှပ်စစ်မီးတိုင်ကျိုးပျက်သွားပြီး ယာဉ်မောင်းအိုက်ခမ်းမှာ ပြင်းထန်စွာ ဒဏ်ရာများရရှိကာ သတိလစ်မေ့မြောသွားခဲ့သည်။ အဆိုပါ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(၀၆၀)**

စူဠဘွဲ့နှင်းသဘင်အခမ်းအနား ချောင်းဦးမြို့၌ ကျင်းပ

ချောင်းဦး မတ် ၃၀

ပထမပြန်စာမေးပွဲအောင် သံဃာတော်များနှင့် သီလရှင်များအား စာအောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည့် ၁၃၇၃ ခုနှစ် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၂၇ ရက် နံနက် ၁၀ နာရီတွင် ချောင်းဦးမြို့ အနော်ရထာခန်းမ၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့(သုဓမ္မာ)ဥက္ကဋ္ဌ ဆရာတော် ဘန္ဒန္တဝရသဗ္ဗောဓိ အရှင်သူမြတ်က ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်ပြီး နာယကဆရာတော်ကြီးများထံသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး စာအောင် သံဃာတော်များနှင့် သီလရှင်များအား စာအောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လယ်မြေဧက ၉၆၀၀၀ ကို ရေလုံလောက်စွာပေးနိုင်ပြီး ရေအားလျှပ်စစ် (၇၄)မဂ္ဂါဝပ် ထုတ်လွှတ်ပေးနိုင်မည့် ကြီးအုံကြီးဝရေလှောင်တမံဘက်စုံစီမံကိန်း ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်

မိုးစပါး၊ နွေစပါး၊ သီးထပ်သီးညှပ်များ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ပြီး စိမ်းလန်းစိုပြည်ရေးအတွက် များစွာအထောက်အကူပြု

နေပြည်တော် မတ် ၃၀

မကွေးမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများလိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် မကွေးမြို့မှ ထွက်ခွာလာရာ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝရေလှောင်တမံဘက်စုံစီမံကိန်း ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကျင်းပရာသို့ ရောက်ရှိသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကြီးအုံကြီးဝရေလှောင်တမံ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

အခမ်းအနားကို နံနက် ၉ နာရီတွင် အဆိုပါ ရေလှောင်တမံအနီး မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမြင့်လှိုင်၊ ဦးဇော်မင်း၊ ဦးခင်ရီ၊ ဦးအေးမြင့်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဗိုလ်ချုပ်ဇော်ဝင်း၊ ဦးကျော်လွင်၊ ဦးအောင်သန်းဦး၊ ဦးဘရွှေ၊ ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအကအဖွဲ့၊ ဘင်ခရာ၊ ပန်းဖွားနှင့် ကဗျာလွတ်အကအဖွဲ့များ၊ မင်္ဂလာစည်တော်အဖွဲ့၊ ပွင့်ဖြူ၊ စေတုတ္တရာ၊ မင်းဘူး၊ စလင်းနှင့် မကွေးမြို့နယ်များမှ ဒေသခံပြည်သူလူထုအင်အား (၄၀၀၀) ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ယနေ့သည် ကြီးအုံကြီးဝရေလှောင်တမံဘက်စုံစီမံကိန်းကို အကောင်အထည်ဖော် စတင်ဖွင့်လှစ်သည့်နေ့ဖြစ်သကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရသစ်၏ သက်တမ်းကာလတစ်နှစ်ပြည့်မြောက်သော နှစ်ပတ်လည်နေ့နှင့်လည်း တိုက်ဆိုင်နေသည့်အတွက် ဒေသခံပြည်သူများအတွက်ရော၊ နိုင်ငံတော်အတွက်ပါ ထူးခြားမွန်မြတ်ပြီး ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသည့် နေ့ထူးနေ့မြတ်ရက်တစ်ရက်ဖြစ်ပါကြောင်း။

ဤကြီးအုံကြီးဝ ရေလှောင်တမံဘက်စုံစီမံကိန်းကြီးကို ၂၀၀၂-၂၀၀၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မုန်းချောင်း၏ ရေအင်အားကို အခြေခံထားခြင်း ဖြစ်ပါကြောင်း။ *စာမျက်နှာ ၈ ကော်လံ ၁* ◆

ကျောင်းသား ကျောင်းသူများ ကိုယ်တိုင်ရှာဖွေလေ့လာသင်ယူတတ်သည့် အလေ့အကျင့်များ စွဲမြဲစေအောင်ပြုစုပျိုးထောင် ပြင်ပနိုင်ငံများမှ ပညာရှင်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဆေးပညာရှင်များ ဖြစ်နေစေရန် သင်ကြားပေး

အမှာစကား ပြောကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မကွေးဆေးတက္ကသိုလ် စုဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် သူနာပြုများ၊ ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် မကွေးမြို့သို့ ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များအား မကွေးလေဆိပ်၌ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ ဦးဆောင်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မကွေးဆေးတက္ကသိုလ်သို့ရောက်ရှိကြရာ ပါမောက္ခချုပ် ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဒုတိယသမ္မတက ဆေးတက္ကသိုလ် စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ရူပဗေဒလက်တွေ့ခန်း၊ ဓာတုဗေဒဌာန၊ ခန္ဓာဗေဒလက်တွေ့ခွဲစိတ်ခန်း၊ ဘဲွ့လွန်သုတေသနခွဲစိတ်ခန်း၊ ကွန်ပျူတာခန်းနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မကွေးဆေးတက္ကသိုလ်စုဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခများနှင့်ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် သူနာပြုများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ရှေးဦးစွာ မကွေးဆေးတက္ကသိုလ်ပါမောက္ခချုပ်က မကွေးဆေးတက္ကသိုလ်၏ တည်နေရာနှင့် သမိုင်းအကျဉ်းချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တက်ရောက်ပညာသင်ကြား *စာမျက်နှာ ၉ ကော်လံ ၃* ❒

31-3 (20).pmd 1 3/31/2012, 2:38 AM